ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

ပုံပြင်ကမ္ဘာ

ကလေးရှင်စုံစာစောင်



ကလေးတိုင်းချစ်တဲ့

VITA-KID

ကလေးအားဆေး



Made in Australia



စတော်ဘယ်ရီအရသာရှိပြီး ချစ်စရာ

ကိုအာလာ ဝက်ဝံလေးပုံစံဖြင့် ထုတ်လုပ်ထားပါသည်

Zitam

Ygn: 01-544467, 544483

Mdy: 02-31706, 74430

ပဉ္စင်းကမ္ဘာ

_____ ရဲ့စာအုပ်ပါ။

_____ ဝယ်ပေးထားတာ။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၀၃)

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာက်လင်းထက်

ဂုံးအဖွဲ့

ကိုစိုးသိန်း၊ ရွှင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သန္ဓာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ဝဏ္ဏအောင်

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ ပိုပိုဇင်၊ ဗီဗီဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးဂုံးခန်း

အမှတ် -၅၀၈/၅၁၂၂၊(၂၃)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ဂုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု

ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချိရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချိရေး

မီးလုံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပဒုမ္မာကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၄၂) ၊ ဒီဇင်ဘာလ ၊ ၂၀၁၃ ခုနှစ်။

ငြိမ်းချမ်းရေးခရီးသည်	ပန်းချီဝဏ္ဏအောင်	၅
မေတ္တာဖြင့်အောင်နိုင်ခြင်း	လင်းသက်ဦင်	၁၅
ဉာဏ်ကောင်းသော သူငှေးမကြီး	ကာတွန်းရွှေလူ	၁၉
မင်းသားလေးနှင့်စကားလုံးလေးလုံး	ရဲရင့်ပြည့်စုံ	၂၇
ဖြူစင်ခြင်းရဲ့တန်ဖိုး	လရိပ်မေ(သာပေါင်း)	၄၃
လည်ရွဲတရား စီရင်ခြင်း	မောင်ရဲသူ ရန်ကုန်တက္ကသိုလ်	၄၇
မတူရာတုလို့–မပြုနဲ့ကွယ်	ကျော်ဝင်းမောင်(ကျောက်မဲ)	၅၇
ဖိုးရွှေလိပ်၏ဉာဏ်	သန္တာမြတ်သောင်း	၅၈
မင်းသမီးနှင့်ထိုက်တန်သောမင်းသမီး	ကာတွန်းပိကော	၆၁
မင်း၏စည်းစိမ်	ကာတွန်းအောင်စိုးမျိုင့်	၆၉
မောင်မူးနဲ့မောင်မှေး	ကာတွန်းဝင်းမောင်မောင်	၇၉
မေတ္တာစေကျွန်...သစ္စာဝန်ထမ်း	ခွန်းချိုသံသာ	၉၃
ယုန်ကြီးကာလူလူနဲ့ခြင်္သေ့ဘုရင်	လင်းငြိမ်သူ	၁၀၂
ထိုက်ထိုက်တန်တန်ဖြတ်ထိုးဉာဏ်	နန္ဒာမိုးကြယ်	၁၀၃
အသေသာသတ်လိုက်ပါသူငယ်ချင်း	ကာတွန်းဇာတိ	၁၀၈



အယ်ဒီတာ့စကား

ကလေးတို့ရေ...

ဒီစာအုပ် ကလေးတို့လက်ထဲရောက်ချိန်မှာ ၂၇ ကြိမ်မြောက်အရွေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကျင်းပနေတဲ့ အချိန်ဖြစ်နေပြီ။ ဒီအားကစားပြိုင်ပွဲဝင်မယ့် အားကစားသမားတွေကို အားပေးရင်းမြန်မာအားကစားသမားတွေ ဆုတံဆိပ်များစွာရရှိစေဖို့ ကလေးတို့ဆုတောင်းကြနော်။

ကလေးတို့ အရွယ်ရောက်ချိန်မှာ အားကစားထူးချွန်းထက်မြက်ပြီးအရာရာ အောင်မြင်အောင်စွမ်းဆောင်နိုင်တဲ့ လူချွန်လူမွန်လေးတွေဖြစ်ကြစေဖို့ ဆုတောင်းပါတယ်။ ကလေးတို့တွေ အားကစားမှာ ထူးချွန်စေဖို့၊ လွတ်လပ်စွာကစားနိုင်စေဖို့အတွက် ကလေးတို့နဲ့နီးစပ်ရာနေရာတွေမှာ ကစားကွင်းတွေ ပန်းခြံတွေပေါပေါများများရှိနေစေဖို့အထူးတောင်းဆုပြုပါတယ်ကွယ်။

၂၀၁၄ နှစ်သစ်မှာတော့ ကလေးတို့အတွက် ကောင်းရာမွန်ရာလေးတွေဖြစ်လာကောင်းပါရဲ့လို့ မျှော်လင့်ရင်း ပဋိပက္ခများ တိုက်ပွဲများနဲ့ စိတ်ပျက်စရာ ၂၀၁၃ ကို နှုတ်ဆက်ကြပါစို့။


အယ်ဒီတာအဖွဲ့

ဝမ်းနည်းမှုတ်တမ်း


ပုံပြင်ကမ္ဘာတွင် ပန်းချီအောင်စံမြင့်၊ ဦးဦး ASM၊ ကာတွန်းကြည်နူး အမည်များနှင့် သရုပ်ဖော်ပုံကာတွန်းများရေးဆွဲပေးခဲ့သောဆရာအောင်စံမြင့်သည် ၈-၁၀-၂၀၁၃ နေ့က ကွယ်လွန်သွားခဲ့ပါသည်။ ပုံပြင်ကမ္ဘာတွင် ဇာတ်လမ်းအတိုအရှည်များစွာနှင့်အောင်ဆန်းသူရိယဦးအကြောင်းကို ရေးဆွဲပေးခဲ့သောဆရာအောင်စံမြင့် ကွယ်လွန်ခြင်းအတွက် ပုံပြင်ကမ္ဘာ အယ်ဒီတာအဖွဲ့နှင့် ဆုပြည့်စုံထွန်းစာပေက များစွာ ဝမ်းနည်းကြောင်း မှုတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ပြည်မီးရေးခရိုးသည်


ဝတ္ထုတိုစာအုပ်



ကလေးရွာစုံစာစောင်



အသက်အာရုယ်အာရ ခံနိုင်ရည်အားက မကောင်းလှတော့...
ထိုပြင် ဝိနည်း၊ သဒ္ဓာပုဒ် များကို ထိမ်းသိမ်းနေရသည့်
ဗုဒ္ဓဘာသာဝင် ရဟန်းတစ်ပါး ဖြစ်...
မိမိ တိုင်းပြည်နဲ့
ပြည်သူ့ဆူပြည်သာ
များရဲ့ ကြိမ်းချမ်း
ရေး အတွက် စွန့်
ခွာ သွားနေခြင်း
သာ ဖြစ်...
သူကား ပုဂံခေတ် ဗုဒ္ဓ
သာသနာဝယ် သာသနာ
အကျိုး ထမ်းဆောင်ခဲ့
သည့် ရဟန်းတော်
သျှင်နွဲ့ဒေသာပါမောက္ခ
ဖြစ်ပေ၏...
နရသီဟာပတေ့ မင်း၏
ဆရာတော်ပင်တည်း။



အနော်ရထာနှင့် ကျန်စစ်သားမင်းတို့ လက်ထက်ကစ၍ ကြီးကျယ်သိမ်းနှားလွှဲသော ပုဂံပြဉာဉ်ကြီးကား နဝဝိပါဟတော် မင်း လက်ထက်တွင် ကုဗလေခန်မင်း အုပ်စိုးသော မွန်ဂိုတရုတ်တပ်တို့၏
ကျွန်ုပ်ကျော်တို့ကိုနှိမ်ဖို့ ဒီလောက်သေးသလား....
စစ်သဘင်တို့ ငနော်ချမ်း အရပ်ဖျ ခုခံတိုက်ခိုက်သော်လည်း အကျအဆုံးများစွာ ခံရပေါ့ဗျာ....



ထိုအခါ နရသီဟပတေ့မင်းလေသည်း
ပုဂံကိုစွန့်ကာ အောက်အာဂေါသို့
ထွက်ပြေးရတော့သည်။ ထို့ကြောင့်
လေသည်း ရာဇဝင်တွင် ဝါးကုတ်ဂြိုးမင်း
ဟု အာယုသ်တွင်ခဲ့လေသည်။ ...
မွန်ဂို တို့လေသည်း ငသောင်းချမ်း ကျ
ကြိုးနှောက် ကောင်းစင်၊ တကောင်း
ကြိုးချားကို တိုက်ဆိုက်သိမ်းပိုက်
လေသည်။ ...
တကောင်းတွင် အာခြေချကာ မိုးကုန်မှ သက်တိုက်
ရန် စခန်းချိပါ ဂေါတန့်နေကြသည်။ ...


ထိုအခါ နရသိဟပတေ့ာမင်းလည်းစစ်သူကြီး
အနန္ဒပစ္စည်း နှင့် အာမတ် မဟာဇိုလိတို့အား
စစ်ပြေငြိမ်းရန် ပီကင်းဂို ကျူးလေသောနန်
ဘုရင်ထံ စေလွှတ်ရန် စီစဉ်လေတော့သည်။
စစ်သူကြီးနဲ့ အာမတ်တို့
လည်း သံတမန်ရေးရာ
မကျွမ်းကျင်ပဲ ပညာတွေကို
ကြီးသော မင်းဆရာ သျှင်
ဒိသာပါမောက္ခ-အား
ခေါင်းဆောင်အဖြစ်ထား
လေးပါရန် လျှောက်
ထားကြလေ၏။
ဘုရင်လေးသည်း ဆရာတော်အား ပန်ကြား
လျှောက်ထား၊လေရာ
သွားရမည့် ခရီးကလေးသည်း ကြွမ်း
အရေးဆိုရမည့် ကိစ္စကလေးသည်း
ခက်ခဲလှသော်လည်း အတိုးတွင်
ရောက်နေသော ပြဿနာများပြဿနာများ
ယူးကို သနား ကြင်နာလှသဖြင့်..
ဘုရင်၏ ပန်ကြားချက်ကို
လက်ခံလိုက်လေသည်။..

မြန်မာသက္ကရာဇ် ၉၆၈.၃၂ ခရစ်နှစ် ဘုရွေ့တွင် ပြည်သြဇာကြီးမှု စတင်ထွက်ပျံခဲ့လေရာ တကောင်းမြို့ရောက်သောအခါ မွန်ဂိုအာဏာပိုင် တိုက စရာတော်တို့ကို ဖမ်းဆီး ချုပ်နှောင် ထားလိုက်ကြလေသတည်း။ ။...






ထိုစဉ် တရုတ်မွန်ကိုတပ်မှူး နောက်ထပ်ရောက်လာပြီး ထကောင်း၌ တပ်စွဲကြလေသည်။..
ထိုတပ်ကြီးနှင့် အတူ ရဟန်းသံဃာများလည်း ပါလာကြသည်။ နွားသောင်းသောတပ်ကြီးက ပုဂံကို အရှေ့ပြုကာ ပြုန်အာနိုင်ငံအလယ် ထိုင်းကို အုပ်ချုပ်ရန် ဖြစ်ပြီး ခ...
ထိုအခါ ပြုန်လွှတ်ပေးပြီး ပီကင်းသို့ သွားရန် အစီအစဉ် ပြုလုပ်ပေးလေသည်။ ခ...
သံဃာတော်များက ပုဂံ၌ ဘာသာနာပြုရန်ဖြစ်သည်။ သို့သော်..ရဟန်းတို့သည် မင်းလွှတ်ချီသာ လာရောသည် မပျော်ကြသောကြောင့် သွန်အီသာပါမောက္ခအား မင်းကြီးထံ ပန်ကြားပေးပါရန် လျှောက်ထားကြလေသည်။...
ဘရာတော်တို့လည်း ခရိုးဆက်ခဲ့ရာ ခွန်မင်းဖြို့အနီး ယဆည်သို့ ဘရောက် ပါဝင်ပြီးဖြစ်၍ ခရိုးယဆက် နိုင်ငံ ပါသို့တော်ဟူလေသတဲ့


တနှစ်ဆောင်ယုန်းလ တွင် တိုက်းသို့ စတင်ခရီးဆက်ရာ ပြာသိုလ တွင် တိုက်းသို့ ရောက်လေသည်။ ။...


ဆောင်းရာသီပြစ်ကျ လောဆောင်ပြည့်ဝမီး ယျားအတွင်း အရိုးဦးက် အောင် အနေးစီးက် ကို ခံစားခဲ့ရပေသည်။

ဆရာတော်၏ ဇွဲ၊သတ္တိ၊သဒ္ဓါ သမာဓိ တို့ကြောင့် ကုမ္ပလေခန် ယင်းလည်း ကောင်းစွာလက်ခံ ဝကားဆိုလေသည်။ ။...

ဆရာတော်လည်း ယုတ် ပြည့်အာ ဆက်လက် မတိုက်ခိုက် ရန် ငြိမ်းချမ်း ရေး ဝကား ဆိုလေရာ...

အရှင်ယင်းပြတ်၏ ဝစီသဒ္ဒါ ယျား၏ ထိရောက်တိုက်ခိုက်မှုကြောင့် ယုတ်ပြည့်၏ ပြည်တွင်းရေးရော လယ်ယာ ကောက်ပဲသီးနှံယျားပါ ပျက်စီးလေကြ ကြာသော်ဘုရင်ယင်းပြတ်၏စစ်သဒ္ဒါများ နှင့် ခဲ့ဟာတော်တို့ အလိုအောနှင့် ကြုံတွေ့ရ ဆော့မည်။


ထိုကြောင့် ဥယျာဉ်ရိုက်သော
သောကျိုးသည် ရေလောင်းခြင်း အပင်တို့
ကို ကြိုးစားသကဲ့သို့ ဟုတ်ပြည့်သည့် ယပ်
တောင်လည်း သာသနာထွန်းကားရာ ဒုတ်
ပြေတစ်ခု ပြုစုပါပေတော်မူ...
ဘုရင်မင်းကြီးသည်
ဘုရားဆုပန်သော သောကျိုး
ကောင်း မဟုတ်ပါသလော.. အို.
ဆိုလျှင် အာဒေါတမ ဘုရား
၏ သာသနာတော်ကို မ
ပျက်စီးပါစေနှင့်..
သရေတော်၏ စကားသည်
ပဉ္စာပြည့်ဝ်ဝ်၍ ပိုင်နိုင်လှပေ
သည်။ ထို့ကြောင့် ကမ္ဘာမေ
ဒနီလည်း နှစ်သက်သဘော
ကျပြီး သရေတော်ဘုရားကို
ကြည့်သာစွာ ဖိုက်လျှောမေ
တော့သည်။
သရေတော်၏ ကျေးဇူးကြောင့် ဟုတ်ပြည့်သူ ပြည့်သားတို့လည်း မွန်ကို တရုတ်
ရန်မှ အာဒိုက်အတွက် ကင်းလွတ်ခဲ့ရလေတော့သည်။ ...


သက္ကရာဇ် ၆၃၈ ခု နွေရာသီတွင်
မြန်မာပြည်သို့ ပြန်ကြွလာလေရာ
အလောင်းဘုရားတိုင်း ဆိုင်ပေါင်း ၂၅၀၀
ကျော် ကွာလွှမ်းသည်ဖြင့် ပင်ပန်းဆင်းရဲ
ပြန်သည်။ ...
ထိုဘုရားစဉ် အသွားအပြန်
က ဆိုင် ၅၀၀၀ ကျော်
ပေသည်။ ...
နဂသီဟာပတေ့
မင်းလည်း ကျေး
ဇူးကြီးလှပါပေ
သည်ဟု ဟုဆိုကာ
လမ်းပြေ ကျွဲနွား
ယာ ပေးလှူကာနှိ
တော့်လေသည်
ဆရာတော်လည်း ပုဂံမြို့တော်ဆောက် ပန်းပွတ်
အရပ်ရှိ မင်္ဂလာဝေတီတွင် ရတနာစုံးပါး အား
ပြန်လည်လှူလိုက်လေသည်။ အဲဒီဘိုးဘွားပင် အာနန္ဒာ ပါတကား ...

Knorr®

Unilever

ဒီတာမင် B1

ဒီတာမင် B1

ပဲဥငယ်ထုပ်

အာဟာရပြည့်ဝ
အရသာရှိသော နံနက်စာ
ခနော်ခဆန်ပြုတ်ပါ





အစ်လိပ်ဖြန့်ဖန့်စံဘာသာဖြင့်
အငယ်ဝဲရုံတိုနှံ့ဝံထားသော


ကမ္ဘာကျော်ကာတွန်းများ



နတ်သမီးပုံပြင်များ



ကလေးတို့အတွက် ကျန်းမာရေး ပညာပေး



ဆုပြုသည့်ဓုဏ္ဍန်းစာပေ အမှတ် – ၅၀၈/၅၁၂ (၂–ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၀၃၆၆၄၊ ၃၀၆၈၃၃။

MEGA We care

Free

အရပ်ဆက်ကားချပ်လေးတွေနဲ့ဉ်
ခိတ်လှုပ်ရှားစရာ ဆုမဲကြီးကြီးတွေ



ချစ်တဲ့ကလေးတို့ရေ
ယမ်မီဂမ်မီတစ်ဗူးဝယ်တိုင်း
အရပ်ဆက်ကားချပ်လေး ၂ခုလက်ဆောင်ရယူလိုက်ပါ။

ပြီးတော့သားသားမီးမီးတို့ပျော်ရွှင်စွာကစ်စမ်းဖို့အတွက်အရပ်ဆက်ကားချပ်လေးပေါ်က
နံပါတ်တွေကို ဝ၉၄၃၀၃၀၁၆၉ သို့မက်ဆေ့စ်ပို့လိုက်ပါ။



ဂိမ်းစက် (၂) လုံး၊



နုတ်ဘွတ် (၁) လုံး၊



စကိတ်စီးဖိနပ် (၃) ရံ



လစဉ်အစောဆုံးရောက်လာတဲ့
SMS အစောင်(၅၀)အတွက်
ကျော်ပိုးအိတ်အလုံး(၅၀)


ဒါကြောင့်မြန်မြန်နှုံးဝယ်ထားပြီးကံစမ်းလိုက်နော် . . .


NAT C
Yummy
Gummyz
Yum in Taste & Full of Vitamin C

Pastel













သားသားမိုးမိုးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာသိမှတ်မှုယ်ရာရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာတကယ်လား...၊ ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့မေးခွန်းများကို သိပို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလွင်ပျဲရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာယလုလင် (သိကြားမင်းကြီး ဦးမာယ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်း၍ငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွှန်း+မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- လောင်စာသိမ်း၍ ငြိမ်းသောမီး
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဇောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံဝငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှေကုန်သည်နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နစ်ပါးနှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဇ္ဇာဓိရ် နှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဃာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ















ဆုပြည့်စုံထွန်းစာပေ

အမှတ်-နဝဂ/ဓာဒ(ပ-ခ)(ပထမအယ်)၊ ကုန်သည်လမ်း (အိပ်ကမ်းဘလမ်းထောင့်) သရဖီကွန်ရိုး၊ ကျောက်တံတားမြို့နယ်၊ ထန်ကုန်မြို့။ ဖုန်း-၃၇၃၆၆၈၄၊ ၃၇၈၆၇၃။

မေတ္တာဖြင့်အောင်နိုင်ခြင်း

လင်းသက်ခိုင်



ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်ကြီးတစ်ပါးရှိသတဲ့ကွယ်။ ဘုရင်ကြီးဟာ မင်းတို့ကျင့်အပ်တဲ့ ကျင့်ဝတ်တရားတွေ အတိုင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ ပေးကမ်းခြီးမြှင့်စွန့်ကြဲခြင်းတို့ကိုပြုကျင့်တယ်။ ရဟန်းရှင်လူ ပြည်သူတို့အပေါ်မှာလည်း မဆန့်ကျင်၊ အခွန်အတုတ်တွေကိုလည်း တပြေးညီထားတယ်။ ပြည်သူတွေပေါ် အမျက်မထွက်ဘဲ သည်းခံခြင်းတရားနှင့်အညီးဖြောင့်မတ်မှုန်ကန်စွာ အုပ်ချုပ်သတဲ့ကွယ်။

အဲဒီလို မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်တဲ့မင်းမျိုးကို ရှေးရှေးတုန်းက ပြည်သူပြည်သားတွေက မင်းကောင်းမင်းမြတ်လို့ ခေါ်ကြတယ်ကွယ့်။ အဲဒီမင်းမျိုး အုပ်ချုပ်တဲ့တိုင်းပြည်မှာ ဆန်ရေစပါးသီးနှံ အထွက်ကောင်းတယ်။ တောင်သူလယ်သမားတွေရဲ့လုပ်ငန်းကိုင်ငန်းတွေ စည်ပင်ဝပြောတယ်။ တိုင်းပြည်တွင်းမှာ ပွဲလမ်းသဘင်တွေနဲ့ စည်ကားသိုက်မြိုက်တယ်။ တိုင်းသူပြည်သားတွေကလည်း ပျော်ရွှင်ချမ်းမြေ့ စွာနေထိုင်နိုင်ကြတယ်ပေါ့ကွယ်။ အဲဒါ မင်းကောင်းဗြဟ္မဒတ်မင်းကြီးအုပ်ချုပ်တဲ့ တိုင်းပြည်ပေါ့။

အဲဒီဗြဟ္မဒတ်မင်းကြီးမှာချောမောလှပပြီးအင်မတန်ဉာဏ်ရည်ထက်မြက်တဲ့ သမီးတော်လေးတစ်ပါး ရှိသတဲ့ အဲဒီမင်းသမီးလေးဟာ ဖခင်ဘုရင်ကြီး မသွားလာနိုင်တဲ့နေရာမျိုးက ပြည်သူတွေရဲ့ အခက်အခဲ၊ ဘုရင်ကြီးကို ပြောချင်တဲ့ ပြည်သူ့အသံတွေကို သွားရောက်နားထောင်ပြီး ဘုရင်ကြီး သိအောင်ပြန်ပြောပြသတဲ့၊ ပြောရရင်တော့ အဲဒီမင်းသမီးလေးဟာ ဘုရင်ကြီးရဲ့တိုင်းပြည်အုပ်ချုပ်ရေးမှာတောင် အကူအညီရတဲ့ သားသမီးမျိုးပေါ့ကွယ်။



ဒီလိုနဲ့ နေလာလိုက်တာ တစ်နေ့တော့ ဘုရင်ကြီးနဲ့ မင်းသမီးလေးတို့ကို မနာလိုမရှုစိမ့်တဲ့ဘုရင်ကြီးရဲ့ညီဝမ်းကွဲ မင်းသမီးလေးနဲ့ ဦးရီးတော် ဒေဝိန္ဒဟာ တိုင်းပြည်မှာ ပြည်သူပြည်သားတွေက သူ့အစ်ကိုတော်ကို ချစ်ခင်နှစ်သက်နေတာသူဘဝင်မကျဘူးပေါ့ကွယ်။ မင်းသမီးလေးကလည်း ဘုရင်ကြီး အလုပ်တွေမှာ ဝင်လုပ်ပေးနေတာသူ့အနေနဲ့ မျက်စိရှုပ်တယ်ပေါ့ကွယ်။ ရှင်းရှင်းပြောရရင်တော့ ဦးရီးတော် ဒေဝိန္ဒဟာ ဘုရင်ကြီးကို တစ်နေ့လုပ်ကြံပြီး နန်းချမယ်။ ပြီးရင်ဒီတိုင်းပြည်ကို သူမတရားသဖြင့် မင်းလုပ်အုပ်ချုပ်ဖို့ ကြံနေတာပေါ့။

တစ်နေ့တော့ ဦးရီးတော်ဒေဝိန္ဒ အကြံအစည်အောင်မယ့်တစ်နေ့ရောက်လာရောပေါ့ကွယ်။ ဗြဟ္မဒတ်မင်းကြီးဟာ နေထိုင်မကောင်းဖြစ်တာက တစ်ကြောင်းအရွယ်အိုမင်း လာတာကတစ်ကြောင်းမို့ အိပ်ရာထဲလဲတော့တာပေါ့။ အဲဒီအချိန်ကို အခွင့်ကောင်းယူပြီး ဒေဝိန္ဒဟာ သူရဲ့လျှိုးဝှက်ဖွဲ့စည်းထားတဲ့ အတွင်းလူတွေနဲ့ တိုင်ပင်ပြီး ဘုရင်ကြီးနဲ့သမီးတော်ကို ရုတ်တရက်ဖမ်းဆီးချုပ်နှောင်လိုက်သတဲ့ကွယ်။ ဘုရင်ကြီးနဲ့သမီးတော်အပြင် ဘုရင့်လူယုံစစ်သူကြီးတို့ကိုပါ အလစ်အငိုက်မှာ ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချလိုက်တာပေါ့။ ပြီးတော့မှ သူစိတ်ထဲ မကျေနပ်တဲ့ ဘုရင့်လူယုံစစ်သည်ရဲ့ မက်များကိုတစ်ချက်လွှတ်အမိန့်နဲ့ကွပ်မျက်စေတယ်တဲ့။ပြီးတော့မှ ဦးရီးတော် ဒေဝိန္ဒဟာသူယုံကြည် အားကိုးတဲ့ သစ္စာဖောက်ဝန်ကြီးတွေသစ္စာဖောက်အမတ်တွေနဲ့တိုင်ပင်ပြီး ဗြဟ္မဒတ်မင်းကြီးနေရာကို ယူလိုက်ကာ တိုင်းပြည်ရဲ့ ဘုရင်အသစ်အဖြစ် အုပ်ချုပ်မယ်လို့ နယ်ပယ်အနှံ့မောင်းကြေးနင်းခတ်စေသတဲ့လေ။

တိုင်းသူပြည်သားတွေဟာ ဘုရင်အသစ်ဒေဝိန္ဒအုပ်ချုပ်မယ်လည်းဆိုရော၊ ဟာ ဒါဘယ်လိုဖြစ်ပါလိမ့်၊ တို့ကြည်ညိုလေးစားတဲ့ ဗြဟ္မဒတ်မင်းကြီးကရော ဘယ်ပျောက်သွားပြီလဲ၊ ပြီးတော့ မင်းသမီးလေးရော ဘယ်မှာလဲဆိုပြီး မေးမြန်းစုံစမ်းပြီး တိုင်းပြည်ထဲမှာ ဆူးညံသံလေးတွေ ဟိုးနားတစ်စု၊ ဒီနားတစ်စုနဲ့ ကြားလာရတယ်။ ဒါကို ဒေဝိန္ဒကလည်းသူ့ တပည့်လက်သားတွေ နေရာအနှံ့မှာရှိတော့ သူအားလုံးပြန်ကြားရတယ်။ ဒါနဲ့အမိန့်တစ်ခုထုတ်လိုက်တယ်။ သူအုပ်ချုပ်တာကို မကျေနပ်လို့ ကန့်ကွက်ဆန္ဒပြတဲ့သူ၊ ကွယ်ရာမှာတီးတိုး ဝေဖန်တဲ့သူမှန်သမျှ သူကိုဆန့်ကျင်တဲ့သူလို့ ယူစပြီး ဖမ်းမိန့်ပေးလိုက်သတဲ့။

ဘုရင်သစ်ဒေဝိန္ဒရဲ့ သစ္စာခံ လူယုံတွေကလည်း သခင်အားရ ကျွန်ပါးဝ ဆိုတဲ့အတိုင်း ဘုရင့်အလိုတော်အတိုင်းဘယ်သူက မှန်လို့၊ ဘယ်သူကမှားတယ်ဆိုတာ မစဉ်းစားတော့ဘူး၊ နီးရာဓားကြောက်တာက တစ်ကြောင်း၊ မတရားပေးကမ်းချီးမြှောက်ထားတာက တစ်ကြောင်းမို့၊ ဘုရင်ဒေဝိန္ဒကို ဆန့်ကျင့်တဲ့သူ ၊ အာခံတဲ့သူ၊ ပုန်ကန်ထကြွဖို့ကြိုးစားတဲ့သူ မှန်သမျှကို ခေါင်းမထောင်နဲ့ ခေါင်းထောင်တာနဲ့ ရိုက်နှက်ဖမ်းဆီးပြီးသတ်ပစ်လိုက်တာပေါ့။

သူကိုယ်တိုင်ကတော့ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေကို သူ့ကိုယ်ပိုင်ငွေအမှတ်နဲ့ သူမိသားစုအပြင် သူ့လက်အောက်ခံ အမတ်၊ ဝန်ကြီး၊ မှူးမတ်ဗိုလ်ပါအပေါင်းနဲ့ ထင်သလိုပျော်ပျော်ကြီး သုံးကြဖြုန်းကြတာပေါ့ကွယ်။ နန်းတော်တွင်းမှာလည်း အခါမလပ် သေရည်သေရက်

ပါဝင်တဲ့ ပျော်ပွဲသဘင်တွေကို ခြိမ့်ခြိမ့်သဲကျင်းပနေတော့တာပေါ့။

တိုင်းပြည် တိုးတက်ရာတိုးတက်ကြောင်းကို စနစ်တကျ ပညာရှင်တွေနဲ့တိုင်ပင်ဖို့လည်းနားမလည်း၊ အုပ်ချုပ်ရေးအပိုင်းမှာလည်း စီမံခန့်ခွဲမှုအားနည်းညံ့ဖျင်း၊ တရားဥပဒေစိုးမိုးရေးကလည်း ပျော့ညံ့ပြီး လုံးခြုံမှုကင်းမဲ့၊ နိုင်ငံနဲ့အဝှမ်းမှာ ဒုစရိုက်အမှုမျိုးမျိုးတွေသာပေါ်လာတယ်။ ကြာတော့ တိုင်းသူပြည်သားတွေလည်း နေရထိုင်ရတာ လုံးခြုံမှုကင်းမဲ့လာတာပေါ့ကွယ်။ ပြီးတော့ ဘုရင်သစ်ကိုလည်း အပြစ်မြင် ငြိုငြင်မှုတွေတစ်နေ့ထက်တစ်နေ့ ပိုများလာတယ်လေ။

ဘုရင်ကို အပြစ်တင်ငြိုငြင်လာတော့ ဘုရင်က ဒါခိုင်းရင်၊ ပြည်သူက ဆန့်ကျင်ဘက်တွေလုပ်လာတော့ တိုင်းပြည်နဲ့အဝှမ်းမှာ စည်းကမ်းမဲ့မှု၊ စည်းကမ်းမရှိသေမှု၊ ကျင့်ဝတ်မလိုက်နာမှုတွေ များလာရောပေါ့။ ဘုရင်ကလည်း သူ့ကိုမကြည်ဖြူ ငြိုငြင်တဲ့ပြည်သူကို နည်းအမျိုးမျိုးနဲ့ ညှဉ်းဆဲတယ်။ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး အခွန်အတုပ်တွေတိုးမြှင့်တယ်။ မတရားဥပဒေတွေ ထုတ်ပြန်ပြီး ပြည်သူကို ဖမ်းဆီးတာတွေ ပိုလုပ်လာတာပေါ့။

အဲဒီတော့ ပြည်သူတွေကလည်း ဘုရင်ဒေဝိန္ဒကို တချို့ကကွယ်ရာမှာ ဆန့်ကျင်၊ ကွယ်ရာမှာ ပြစ်တင်ကြိမ်းမောင်းတာတွေ လုပ်ကြသလို တစ်ချို့ကလည်း နှစ်ရှည်ဖမ်းဆီးအကျဉ်းချထားတဲ့ ဘုရင်ကြီးနဲ့သမီးတော်လေးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုကြတယ်။

ဘုရင်ဒေဝိန္ဒကလည်း သူ့ကို တိုင်းပြည်ကလူတွေ မကြည်ညိုမလေးစားမှန်းသိလေ၊ အညှိုးနဲ့ပိုနှိပ်စက်လေ။ ပြည်သူတွေရဲ့ ဆဲသံဆိုသံဆန့်ကျင်ကြိမ်းမောင်းသံတွေဟာ တိုင်းပြည်နဲ့အဝှမ်းမှာ ဆူညံပွက်လောထနေတာပေါ့။ အဲဒီလိုဆူညံပွက်ထအောင် ဆဲဆိုကြိမ်းမောင်းလေပြောတဲ့သူတွေ အကုသိုလ်ဖြစ်လေ၊ ဘုရင်ဒေဝိန္ဒအသက်ရှည်လေပေါ့ကွယ်။ ဘာလို့လည်းဆိုတော့ ဘုရင်ဒေဝိန္ဒက တိုင်းပြည်ဘဏ္ဍာငွေတွေနဲ့ လမ်းဖောက်၊ တံတားဆောက်၊ ဘုရားတည်ကျောင်းဆောက်ဆိုတဲ့ အလှူကြီး



အတန်းကြီးတွေကို ရက်ရက်ရောရော ပေးလှူထားတဲ့ ကုသိုလ်အကျိုးက ကြီးမားနေတာကိုး၊ သူ့ကုသိုလ်အကျိုးက ကြီးတော့ ပြည်သူတွေ ပြစ်တင်ကြိမ်းမောင်းလေလေသူက ပိုပြီးအသက်ရှည်လေပေါ့။

ကြာလေကြာလေ ပြည်သူတွေမှာတော့ ဆင်းရဲတဲ့ဒဏ်ကို နှစ်ရှည်လရှည်ခံရလာလေ၊ ဘုရင်ဒေဝိန္ဒကတော့ စည်းစိမ်ဥစ္စာတွေနဲ့ပိုပြီးပျော်ရွှင်ယစ်မူးလေပေါ့ကွယ်။ သူတင်လားဆိုတော့ မဟုတ်ဘူးသူ့ဖန်နဲ့သားသမီးတွေဟာလည်း တိုင်းပြည်ဘဏ္ဍာကို သူတို့ဘဏ္ဍာအမှတ်နဲ့ သုံးလိုက်ဖြုန်းလိုက်တာ ဘာပြောကောင်းမလဲ၊ သူတို့တွေကချမ်းသာ၊ ပြည်သူတွေက ဆင်းရဲနဲ့တိုင်းပြည်လည်းစီးပွားပျက်ကပ်တွေဆိုက်နဲ့ တိုင်းပြည်ရဲ့ အခြေအနေအရပ်ရပ်ဟာ ပြိုလဲယိုင်နဲ့လာတာပေါ့ကွယ်။

ဒီအခြေအနေဆိုးတွေကို ကြိုမြင်တဲ့ ပညာရှိသူတော်ကောင်းတွေဟာ တိုင်းပြည်ရဲ့ အခြေအနေသည်ထက်ဆိုးဝါးပြီး သည်ထက်ပျက်စီးမယ့် အရေးကိုတွေးပူပြီး တိုင်းသူပြည်သားတွေကို ဆုံးမပဲ့ပြင်ဖို့ ကြံစည်ရတော့တာပေါ့ကွယ်။

ယခင် ဖြဟ္မဒတ်မင်းကြီးကိုးကွယ်တဲ့ သက်တော်ရှည် ဆရာတော်ကြီးရဲ့ တပည့်သားရဟန်းတွေဟာ အစီ


အစဉ်တစ်ခု ပြုလုပ်ပြီး သူတို့ရဲ့ ဒကာ၊ ဒကာမတွေနဲ့ တွေ့တိုင်း၊ တိုင်းပြည်ကို အုပ်ချုပ်တဲ့မင်းဆိုးမင်းညစ်နဲ့ ပြိုင်ပြီး အကုသိုလ်မပွားဖို့ ဆိုဆုံးမကြသတဲ့။

သက်တော်ရှည် ဆရာတော်ကြီးက ပြည်သူပြည်သားတွေကို ဘယ်လိုမိန့်လဲဆိုတော့ “တိုင်းသူပြည်သား ဒကာ၊ ဒကာမတို့အားလုံး ဒီမင်းဆိုးမင်းညစ်ဘေးက ကင်းဝေစေချင်တယ်ဆိုရင်၊ သူနဲ့ဘက်ပြိုင်ပြီး မင်းတို့က ယှဉ်မိုက်လို့ မရဘူး။ မင်းတို့က သူ့ကို ဆန့်ကျင်ပြစ်တင်ကြိမ်းမောင်းလေ၊ မင်းတို့ရဲ့ အကုသိုလ်တွေပဲ ပွားစည်းလေပဲ။ ကိုယ်ကသူ့လောက်မှ ကုသိုလ်မရှိရင် မင်းတို့ပဲ ခံရမှာပဲ။ ကိုယ့်ကိုအုပ်ချုပ်တဲ့မင်းဆိုတာ မင်းဆိုးပဲဖြစ်ဖြစ်၊ မင်းညစ်ဖြစ်ဖြစ် သူဟာသမုတိနတ်ပဲ၊ အဲဒီတော့ ဒီနေ့ကစပြီး သူနဲ့ ကုသိုလ်ချင်းပြိုင်ဖို့ ကိုယ့်ဘက်က ကုသိုလ်ကောင်းမှုတွေ၊ ဒါနအမှု၊ သီလအမှုတွေ ခါတိုင်း ထက်ပိုလုပ်ကြပါ။ ပြီးတော့ သူ့ကိုပိုင်းပြီးမေတ္တာပို့ကြပါ။ မရပ်မနားမေတ္တာတွေတရစပ် ပို့ကြပါ။ တစ်တိုင်းတစ်ပြည်လုံးက မေတ္တာတွေရရှိလာရင်တော့ အဲဒီဘုရင် မေတ္တာရဲ့ အကျိုးကိုခံစားရပါလိမ့်မယ်။ မေတ္တာစူးရင် ဘယ်သူမှ မခံနိုင်ပါဘူး။ မေတ္တာတာ မှန်မှန်ရောက်အောင်ပို့ပေးပါ။ တိုင်းပြည် ပြန်လည်အေးချမ်းလာပါလိမ့်မယ်။ ဒေါသကို ဒေါသနဲ့ ပြန်မတိုက်ရဘူး သူ့အတွက်ကြီးမှလောဘ၊ ဒေါသ၊ မောဟတွေကို မေတ္တာနဲ့ ပြန်တိုက်မှသာ အောင်နိုင်မယ်။ မေတ္တာဟာ အနှုံးညံ့ဆုံးနဲ့ အပြင်းထန်ဆုံး အင်းအားဖြစ်တယ်ကွယ့် လို့ မိန့်သတဲ့ကွယ်။

ဒီလိုနဲ့ တိုင်းသူပြည်သားအားလုံးကလည်း ဆရာတော်ကြီးတွေခိုင်းတဲ့ အတိုင်းတစ်နိုင်ငံလုံးမေတ္တာပို့ကြတာပေါ့။ ဒီလိုနဲ့ မေတ္တာပို့ရင်းပို့ရင်း ကာလတစ်ခုရောက်လာတော့ ပြည်သူတွေရဲ့ မေတ္တာစူးရှတယ်ထင်ပါရဲ့၊ မင်းဆိုးမင်းညစ်ဘုရင်ဒေဝိန္ဒနဲ့ မကောင်းတဲ့ အပေါင်းပါတွေအားလုံး အကုသိုလ်ကံ တစ်မျိုးစီနဲ့ သွေးပျက်ဖွယ်ကောင်းအောင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြတော့သတဲ့ကွယ်။


မင်းဆိုးမင်းညစ်ဒေဝိန္ဒ ကွယ်လွန်သွားပြီးတဲ့နောက် မှာတော့တိုင်းသူပြည်သားအားလုံးအပေါ်လွှမ်းမိုးထားတဲ့ မကောင်းတဲ့ အရိပ်မည်းကြီးဟာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေရဲ့ဆွဲယူဖယ်ရှားခြင်းကိုခံလိုက်ရသလိုနိုင်ငံတစ်ခုလုံး ပွင့်လင်းငြိမ်းချမ်းသွားပါရောတဲ့ သိပ်မကြာခင်မှာပဲ နှစ်ရှည်အကျဉ်းချခံနေရတဲ့ ဗြဟ္မဒတ်မင်းကြီးနှင့် သမီးတော်လေးလည်း အကျဉ်းကျခံနေရာက လွတ်မြောက်လာတယ်တဲ့။ ဒါပေမဲ့ မကြာခင်မှာပဲ ဘုရင်ကြီးကတော့အသက်အရွယ်ကြီးရင့်တာရယ်၊ အနှိပ်အစက်ခံခဲ့ရတဲ့ ဒဏ်ချက်တွေကြောင့် နတ်ရွာစံတော် မူသတဲ့ကွယ်။ အဲဒီနောက်တော့ ဗြဟ္မဒတ်မင်းကြီးရဲ့ သမီးတော် မင်းသမီးလေးကပဲ တိုင်းပြည်ကို သူဖခင်ဘုရင်ကြီးလိုပဲ မင်းကျင့်တရား ဆယ်ပါးနဲ့အညီတရားသဖြင့် အုပ်ချုပ်သွားသတဲ့ကွယ်။

လင်းသက်ခိုင်



ဉာဏ်ကောင်းသော သူငြေးမကြီး

ကဝတ်နိုး



ပုံပြင်ကဏ္ဍ ကလေးရွယ်စုံစာစောင်

အဲဒီလိုပို့.အပြဲလောက်ပြောင်းစီးတော့.'တိုး'ဟာ ဂျက်ဂျက်နဲ့..

အိပ်လေးတော့ ဖြစ်လှတာ၊ တိုးမကြောင်း ပြုသေးတယ်ပို့ကွာ.. ဟင်း..

တိုးဟာ.အဲဒီပုဂ္ဂိုလ်ကိုပါးပါးကြီး..အနီးအနားမှာတစ်ယောက်မှာက.. ပစ္စည်းဥစ္စာ အဖိုးအတန်ရှိမယ်ထင်တဲ့.သန်းပေးပြီးတစ်ဦးရဲ့အိမ်ကို.ထင်ရှားဖို့..ကြံစည်သတဲ့..

ငါလိုချင်တဲ့ အချက်အချာနဲ့တော့ ကွက်တိပဲ.. ဟင်း..ဟင်း

အဲဒီ့သန်းပေးရဲ့အိမ်မှာ.အိမ်ဖော်အဘိုးမာဆေတွေလည်း တစ်ယောက်ရှိ..ဟိုကြာနားတဲ့..

အိပ်စခါတော့ တိုး'သန်းပေး'ဖြစ်ပြီ ပေါ့ကွာ..

'ဟိုး'ဟာ.. သရဲနေကြီးဘယ်မှာ ရှိတယ်ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတာပဲ..


သရဲနေကြီး.. အိပ်မောကျနိုင်မှာ.. ပစ္စည်းဥစ္စာတွေကို.. ဘီယာဖိုး ချောင်းရောင်းစားပေါ့ဗျာ

ဒါလေးပေါ့.. ဘာကစားပါးတဲ့ သရဲနေကြီးကလဲဆိုး.. သူ့အိမ်ထဲကိုဝင်ခိုးရောက်နေတာကိုသိတယ်.. သိပ်သွားသတဲ့..


အင်း.. ငါ့အိမ်ထဲကိုဝင်ခိုးတာတွေ.. သေချာပေါက်ခိုးပြီးသွားပြီလား မသိ...


သခင်မ..သခင်မအိပ်ပြီး
ဘေးပတ်ဝန်းကျင်ကို..
အလှအပသိတော်မူရန်
ကောင်းပေသား..
ယခုစံသောဘုံသားလေ
တော်ကြာ..လူတွေကြောက်ပေတာနဲ့
ငါ့ကို..အန္တရာယ်ပြုသွားဂုဏ်
အခက်..
ဟာ..
ဟတ်ပြီ..
သန္ဓေးမကြီးဟာ..အလှတစ်ခုကိုမြင်
မြင်ဖို့ခေါ်ထဲကို..ထင်
အံ့ဩစရာ
ကောင်းတယ
ဟမ်း..ဟမ်း


အရန်းအိုးတွေတာဟာ ကားသောက်ဖွယ်ရာတွေ ပြင်ဆင်ပြီး..
ဟင်း..ဟင်း ငါ့အတွက်ကြိုး ပြုလေးတာပေါ့ သူခိုးကွယ်..
ယယ်ဟုတ်ရဲ့.. အိမ်ရှာ..လာဟောက်သတဲ့ ထားတယ်ကွယ်..
လာဟောက်သတဲ့ ကားရှေ့..ကောင်းဖြည့် ပြောနေတာ..အိမ်ဝင်ခါးကို လာခဲ့ပါဦးကွယ်..
ဟုတ်ကဲ့ပါ သခင်ကတော် ကြီး..
ဗြောက်.. ဟေးကြိုတို့ ကိုခိုင်တို့ပါ.. ခေါ်ခဲ့မယ်..


သူများတော့
ကောင်းချီးရှိတော်
ပေါ့ကွယ်နော်
ဟင်း..ဟင်း
ဒီ.. သင်္ခြေးပတ်ကြီးက..
အိပ်မက်ဖြင့် အိပ်တာ
ပဟုတ်ဘူး၊ လေကြာ
က..ဂျာဒဲ့ဒီးယယ်ဟန်း
ဘိုးပိုင်ခဲ့.. သင်္ခြေးပတ်ကြီးဟာ.. အိပ်ခန်းကားချပ်တစ်ချိုင့်..လက်ဖက်
ကလေးစားပွဲက်၊ ရောင်းလေးသောက်ပွဲက်နဲ့..စကားလက်ဆုံ
ကျရတာပေါ့ကွယ်။
ဟိုး..ကလဉာဏ် ဆယ်တန်းပေါ်ကနေ သင်္ခြေးပတ်ကြီးတို့
စကားပြောကြိုးနဲ့ ကြိုးဆွဲခဲ့..ဆောင်ရွက်တာပေါ့ကွယ်။
လေကြာ
ဂျာဒဲ့ပါ့..
...


အဲဒီအခါမှာ..သခြေးကလေးက..
ဟဲ့..မောင်ထိန်ရဲ့.
သူငှါးထိုကမျိုးက..ဘယ
အချိန်တွေမှာ..ထင်ချိုးတတ်
သလဲကွဲ့..
သူငှါးထိုကမျိုး
က..ဥသျှိမ်ကာသန်းခေါင်
လောတွေ့..အိပ်မောကျ
နေချိန်မှာ..ချိုးတယ်
ဆိုပဲ..
ဟုတ်ပါ့အေးး
မောင်ထိန်ရဲ့..
ဟုတ်ပါတယ်
သခြေးကတော်ရဲ့.
တစ်ခါက..ကျွန်တော်.
အိမ်ကို..သူငှါးလေ
ခဲ့ပြေးပို့..သိတာ
ပါ..ဆိုပဲ
အင်းကဲ့..
ဒီတော့..
မောင်ထိန်ရေ
ကွယ်..
ဘာများ
ဖြစ်လို့လဲ
သခြေး
ကတော်ကြီး
ရဲ့..
ဘာဖြစ်ရမလဲကွယ်
တို့ချစ်အိမ်ကို..ခိုးဖယ်
သူငှါးကတော့..


ဟိုက်..
အချိန်မယူတတ်
အသိမယူတတ်..ဆောရီး
ဆောရီး..ထမင်းတန်းပေါ်
ကျောက်နေလိုက်ဦး..
သားငြေးဟကြီးက..အဲဒီလိုလည်းပြောလိုက်ရော.. သူ့ခိုး'ငတိ'
ဟ..ထမင်းတန်းပေါ်ကနေ တစ်ချိုးတည်း ဆင်းပြေးတော့တာ
ပဲဗျ..
ကောင်ကျတဲ့
ပြောဆောရီး
သစ္စာဖောက်ပဲ
အို...
ကဲ..ကလေးတို့လည်း
ပျင်းထဲက..သားငြေးဟကြီးလို
အဲဒီလူယုတ်စာရဲ့ဝတ်စားရာ
ကျောက်လာတဲ့အခါမျိုး
ဘာတတ်ကြသလဲ..
အဖြေကိုခဲပဲ..သေချာ
ကြည့်ကြပြီးမှ ဖြေကြပါစေဗျာ..
ကဲ..

မင်းသားနှင့်
စကားလုံးလေးလုံး

ပန်းချီ-ရဲရင့်ပြည့်စုံ




သားယာတဲ့ နေ့တစ်နေ့မှာ ဗာရောဏသီမင်းကြီးရဲ့
သားတော် သုဒဿဝက္ကမှာမင်းသားဟာ သူ့ရဲ့အဖေ့ဆီ
အဖော်တွေနဲ့ လောကစား ထွက်ခဲ့ကြတယ်...
သားတော်ကြီး ရောက်တဲ့အခါ..
မင်းသားက သူ့ညီတွေကို
တာဝန်ခွဲပေးထိုက်တယ်...
ဟေ့... မင်းတို့က
ဟိုဘက်ကထိုက်
ငါက ဒီဘက်က
ထိုက်မယ်...
အဲဒီလို ပြောပြီးတာနဲ့... သူတို့
သူစွန့်ခွာပြီး ထိုက်ကြတာပေါ့...
မင်းသားလေးက...
သူ့ကြောက သာမိကို
လှံနဲ့ ထိတယ်...
ဓလိုဘူး... ..


အဖိုနဲ့ ဇော်သတွက်
သွားကြိုး သဖင် ဆောက်
ကို့...ဆက်ပြီးကိုရောက...
ဘယ်နေရာတွေ ရောက်လို့
ရောက်မှန်းသည်း သူမသိ
တော့ဘူး...
...
ငါ...ဘယ်လို
နေရာကို ရောက်ဟာပါ
လိမ့်... ငါ့ဘယည်း တွေ့ယည်း
တစ်ယောက်မှ မတွေ့.
တော့ဘူး...
သဖင်ယည်း ပျောက်သွားသလို
ပတ်ဝန်းကျင်ကို လှည့်ပြီးပတ်ကြည့်
ပြီးတော့ယည်း... သူ့တစ်ယောက်တည်း..
သူ့ခြင်းကယည်း အမောဆို့ကြိုး ပေါ့ပြီလေ...
အင်း...ဘာနဲ့ညာတော့
ဒီတောတစ်မှာတော့ အိပ်ရ
တော့မယ် ထင်ပါရဲ့...


တစ်ယောက်တည်း အတွေးနဲ့ထလျှောက်
နေခြင်းက...အဟင်းကြီး တစ်ဖင်အောက်
ရောက်ဖြစ်ခဲ့တာဟာ... ... ...
ဒီအချိန်ကမှတော့...အဟင်ပေါ်ကာ
ထွဲဝဲတဲ့ကောင် ပြေးဆင်း
လာတာကို တွေ့လိုက်တာ
ကြောင့်..ကြံ့ကြံ့ခံရပြီခဲ့..
အနားမှာတွေ့ခဲ့..သစ်ကိုင်း
ခြောက်ကို ကောက်ချွဲပူ
ကြိုး... တိုက်ခိုက်ဖို့ ပြင်လိုက်
တာပေါ့...ဒီအချိန်မှာ ထွဲ...
က...လက်ကာပြခြင်း... ...
ဒီတို့..ထွဲသား
ကျွဲပါကို ခြိမ်းခြောက်နဲ့..
ကျွဲဟာ ဆင်ဗျားကို
ကူညီဖို့ လာတာပါ...
ထွဲစကား ပြောတာကိုခဲ့ ထွဲဝဲကို ကြည့်ကြည့် ကြိုး...
မင်းသား အံ့သြသွားရတော့တာပေါ့... ...


ရှင်ပြုဖို့
မေတ္တာရင်ခွင် ဘာလို့
သစ်ပင်ပေါ်ကခဆင်း
လာသတဲ့..
ကျည်ဖို့
လာဘာပါ...
ဒါဆိုရင်
ဟာရောဘာဖြည့်ရဲ့
ဘယ်ပမာဏက သွားရောပေါ်
အိုဘာ သမီးညှစ်ပေး...
ညှစ်ကြပါ့မယ်
အရှင်မင်းသား..ဒါပေမဲ့
အချိန်က နေထင်သွားပါ
ဖြို... ...
မျောင်ရင်း တောကောင်
တွေ...ထွက်ပြေးကြီး ကျက်စား
ရှင်ပြုတာတော်ပါတယ်... ဒါကြောင့်
ကျေးဇူးနေတဲ့ နေရောရဲ့ဝမ်းကဖြီး..
ဖိနှေးညာ အိပ်ပါ...
ငါက မင်းကို
ဘယ်လိုပြန်ရမှာ
လဲ...


ကျုပ်ဟာ သူ့အသားကိုပဲ မစားဘူး သစ်သီးဝလားစားတယ်..
အခက်အခဲတွေနဲ့ သူတွေ့ကြုံခဲ့ရပြီး ကျည်တယ်...ဒါကြောင့် ကျုပ်ဟာ ဝံသူတော်ကိုပဲ ဓါးကြေး တယ်...
ကောင်းပြီလေ မင်းနဲ့ပါပဲ ကစားခဲ့ပါ! ပေါ့...
အဟင်းကြီးပေါ်ကို မင်းသား တက်ဖို့ပဲ ဝံသူတော်ဟာ ကျောပေါ်တင်ဖို့ ပေါ်ခဲ့တယ်...


အင်းပေါ်ကို ရောက်သောအခါ ဗိန္ဓသိမ်းမည်ကိုသိ၍
ကြိုဆိုခြင်းငှာ မင်းသားရှေ့ကို ချဉ်းလာကြကုန်ပြီ...
မင်းသား သည်အောင်စေတီမှုပါ...
မင်းသားလည်း တစ်နေ့ခဲ့ ဟင်းနှုံးကြိုး
ဘာမှ မစားရသေးတဲ့အတွက် ဗိန္ဓသိမ်း
ကို...အားရပါးရ စားသုံးလိုက်ကြတော့တယ်...
သူ စားကြိုးတဲ့အသီးမှာတော့...
ဝံသုဇောဝါဂ ဖြောသတဲ့...
ဒီဟောတဲ့မှာ
အန္တရာယ် ပေးမယ်...
ကျွန်းဝန်ကြီးတစ်ယောင်
ရှိတယ် မင်းသား...လူတစ်ဘား
ဖြောတတ်သမျှ စောက်ကျမှ
စကြဲလဲတာပဲ...
သူတော်ပါး ဥက္ကဋ္ဌ
ရောက်တာဖြင့်ဖြေ ကျေနပ်
တဲ့...သာဝတ္ထိ ဖြစ်တယ်...ဗါကြောင့်
ကျွန်းစကြဲတဲ့ တစ်မဟာနိုင်ငံအောင်
ကျွန်တော် စေတီပေးပါ့မယ်...
မင်းသား ဒီကိုသူတော်ကြီးအတိုင်းပါ...
လ... လ... လ...



ဒီအချိန်မှာပဲ အသင်ကြီး
အောက်ကို ကျားစေ့ပြီး
ရွေ့ကြသတဲ့လေ... ပေ...
ဟေ့... ဝံသုခော်
မင်းအတွက်တဲ့မှာ...ကျွဲသား
တစ်ပေါက် ရွေ့ကြနေတယ်မဟုတ်
လား... သူ့အိပ်ရေခန်းလား၌..မင်း
အသားလို့များလို့... မင်းအသွေးတွေကို
လိုချင်လို့ မင်းကို သတ်ဖို့မယ်
ဝန်းရံလို့ကြစမ်း...
ပေ့ကောင် စေ့ပြီး
ငါ့အတွက်အောက်က...ခွ
ထွက်သွားစမ်း... ကဲကွာ...
ကဲ.. ကဲ...
ဝံသုခော်ကလည်း သူ စောင့်ရှောက်သားတဲ့ မင်းသား... အန္တရာယ် မရှိအောင်ဖို့..
ကျားစေ့ပြီးတဲ့ကို မောင်းထွက်ပို့ကြတာပေါ့ ပေ... ပေ... ပေ... ပေ...


အောပေါက်ကွာ...
ငါကတော့ အစိုင်ရမယား
မင်းကတော့ စွန်းမယား
ကြည့်ကြည့်လေးတာပေါ့...
ကျားငမျိုးဖဲကလေ ကြုံပါးကြိုး..
ထွက်သွားတယ်ပေ့...
သစ်ခေါင်ကျောက်ယာတဲ့ အချိန်မှာတော့...
ဝံသုခော်ကာ မင်းသားကို နှိုးပြီးကာယပြ..
မင်းသား...
ကျွန်တော်က အိပ်ချိန်လေးတုတ်...
မင်းသား တစ်ယောက်တော့ စောင့်
ပေးပါဗျို့ ပေ့...
ဝံသုတော်က အိပ်ပျော်သွားတဲ့ အချိန်မှာတော့..
ကျားငမျိုးဖဲက...ဆောက်တည်ခေါက်ပြန်
ရှာကိုယာဖြန်တယ်လေ့...
အို့..လျှာမ
လုပ်ဖဲ့ လူမာ... ဘိတ်ဆွေ
မယုတ်မာပါဘူး-အစ်ကို
အဆာပြေဖို့ သင့်ကိုဘာမှ
မလုပ်ပေးပေ့...


သူ့အိပ်ရာကနိုးလို့
ဆာလောင်တဲ့အခါ ယူယပ်ထဲ
တရဲ့ စားလို့ရအောင် သတ်ရဲ့
အယုံသွင်းဖြီး... ခေါ်တားတာ...
ဒါကြောင့် သူဌာ မသတ်ခင်
သင်အာရုံ့ကွန်းချပြီကဲ...
မင်းသားယောကျ်း ဝစ်ဉ်းပဲရဲ့ စကားကို
နားယောင်ဖြီး ကြောက်စိတ်တွေမွှန်ထူ
သွားတာပေါ့... ... ...
ဟွတ်တယ်... ဖြစ်နိုင်တယ်
ငါ့ကို သတ်စားဖို့ ခေါ်တားတာပဲ ဖြစ်ရမယ်...
မင်းသားဟာ တွေးခြင်းက ဝံသုကောင်ကို ကျေးဇူးဖွင်
သို့... မခြောင်နိုင်ဆောဘဲ သူ့ကို သတ်မယ် ရန်သူပို့
ဖြင်ဖြီး... အဟင်ပေါ်က ကွန်းချပြီကဆော့တာပေါ့... ...
ဒါပေမဲ့ ဝံသုကောင်ကလည်း... သတိနဲ့အိပ်တဲ့သူ
ဖြစ်တဲ့... အလွတ် သူ့ကိုယ်ကြီး လေထဲလွင့်သွား
တာနဲ့... လန့်နိုး သွားတာပေါ့... ... ...


ချက်ချင်းဖဲ့ သစ်ပင်ပြင်းကြီးတစ်ခုကို
ဖြတ်ချွန်မိသွားလို့...ကျားစာအဖြစ်က
လွတ်ကင်းသွားရတော့တယ်!...
မင်းသား
ဘယ်မှိုက်ပါဟား...ကျား
စေ့ငေ့ကော လှည့်ပတ်တွေ
မကောင်းကြောင်း ပြောတဲ့နှုန်း
ကသာ...ကျွန်တော် မင်းသားကို
တွန်းချလိုက်ရင် ဒီလို
ဖြစ်မှာ မဟုတ်ဘူး...
ဝံသုတောကြီးက ဒီလောက်ကြီး
အဖြစ်ပေးမယ်..မင်းသား
ကတော့...ရက်လွန်းလို့...
စကား မစ္စတေရီခင် တော့သွားလေ...
နေ့ဖြည့်တော့ ပြန်ရောက်လာဦးအလိ...
'ဘ၊ လော၊ မိ၊ ယျ' ဆိုပြီး...စကားလေးလုံးက
လွဲလို့ ဘာစကားကိုမှ ပြောလို့ မရတော့
သွားလေ...
သစ်သေ့ဖြိုးယျ
သမားတော် အကျော်အမော်တွေ မျိုးစုံ
ကျွေးပေမယ့်လည်း...ဘယ်ပို့မှ..ထူးခြား
မလာခဲ့ဘူး...


ရောက်တာနဲ့ ကာဇိဒါသာဇာ... သ...သော...ဖိ..ယျရဲ့ အဓိပ္ပါယ်ကို တစ်ပဲ့ချင်း ခွင်းပြ ပြောဆိုလိုက် တာပေါ့... ...
အဲဒါနဲ့ပဲ သိဒ္ဓိကာ အမတ်ကြီး လည်း... မနေနိုင်တော့ဘဲ... ဒီပြဿနာကို ဖြေရှင်းဖို့... မင်းကြီးဒကိကာ့ဆီ ကယပဒကြီး... သူ့ဂုဏ်သတင်းကို ကာဇိဒါသာဇာ ကို... ဝေါဟာရတောင်းတယ်...
'သ' ဆိုတာ... သာဒေဝဗရိုဟန်ကို ပြောတာဖြစ် တယ်...
အဓိပ္ပါယ်က.. စေတနာကောင်းဖြင့် အဆွေဖွဲ့ကာ.. သစ္စာဖင်ပေါ် သို့... ယူဆောင်ကယပဒကြီး ခဲ့သော... ကျေးဇူးရှင် ဖာသး...
ကျားငစဉ်းလဲ လှည့်ပတ်သောကြောင့်... သစ္စာဖင်ပေါ်မှ တွန်းချသော သူသည် မည်ကဲ့သို့သော လူစားနည်းဟု ပြောဆိုခြင်း ဖြစ်တယ်...


'သေ'
ဆိုတာကတော့...
သေရဉ့်ဖန်ဆွဲနာ...
အဆွေဆင်ပွန်းအား
ကြီးမှားတတ်သော...လူပုဟူတို့မှာ
တို့သည် မကောင်းဖောက်ပြန်
အကြံတကောင်းကြောင့်...ကြီးမားသော
အပါယ်ဝဲကျမှ...လွတ်မြောက်နိုင်ငှာ
မရကြဆေးထိုး ကြောတာ
ဖြစ်တယ်။...
'မိ'ဆိုတဲ့
ဖွင့်ဆိုချက်ဟာ...
မိတ္တဇောဒိယာဒေါ့ရဉ့်...
အဓိပ္ပါယ်ကတော့...
ကြံတော့ဟာ အဆွေဆင်ပွန်းတို့အား...
မိတ်ဆွေအကြီးမှ...ဖျက်ဆီးဖို့ကြံသူတို့
ဟာ...နောင်ဘဝတို့ ဒီထိုသဉ်ပါးခြင်း
လှည့်လည်ခြင်းနေသည့်ကြိုင်အောင်...
ငရဲကြီးခုနစ်ရပ်ခြင်း ခံစားကြရတော့ တဲ့...


'ယျ' ဆိုတာက...
ယာဇနဲ့ ဥဏှပုဗ္ဗဿာလို့
ဆိုတာပဲ...
ဘာပဲဆိုဆို...
နန်းထဲကတော်ထား အရှင်
သားသည်မြစ်သည်ကောင်းမွန်
လှပြီးဖခဲ့... အိပာ ဘိုးဘွားတွေ
သမားတို့အား...အလေးအမြတ်
ဆည်းကပ်ပူဇော်လေ့လာလို့
ဆိုလို့ခြင်း ဖြစ်ပေတာပဲ...
အဓိပ္ပါယ် ဘ.. သော... ဓိ... ယျ ရဲ့ အဓိပ္ပါယ်ကို
ကြားနာသိရှိရပြီးခဲ့ အခါမှာတော့... ...
မင်းသားလေး ဓရောပြုနဲ့ပြောတာနဲ့တူတယ်...
အမှန်တော့...
သားတော်ဟာ ကျေးဇူးရှင်
ကို့...ပြဿနာဝဲ့ဓိဟို့ အချည်း
ခံရတာပါ... ...


သားတော်ပြောတဲ့ စကားတွေကို
ကြားရတဲ့အခါ...သူ့ရင်ကြီးနှင့်ဂုဏ်ယူမိပြီး
ပြုံး ခေါင်းတဆတ်ဆတ် ညိတ်ပြနေး..
အိမ်း...သားတော်က
ဝံသုတော်ကို ဖြစ်မှားမိခဲ့
သလို.. ငါကိုယ်တိုင်ကလည်း
မသင့်စား မဆင်ခြင် ပညာရှိသူ
ကို.. အထင်အမြင် လွဲမှား ခဲ့မိ
ပေတယ်...
ဒါကြောင့် သားတော်
သည်လိုလည်း ပညာရှိကောဖိဒါသ
ရှင်းလင်း ဖြေကြားပေးတဲ့
အတိုင်း ကျေးဇူး ရှိသူတွေ
အပေါ် မဖြစ်မှား မိစေဖို့
ဆင်ခြင် နေထိုင်ပါ...
ပညာရှိ
ကောဖိဒါသနဲ့...သိဒ္ဓိကာ
အမတ်ကြီးတို့အား လည်း..
ကျေးစား ရှာစား အမြဲ
ခန့်အပ် ဖြိုး..
သူတော်
ကောင်းတော်များ
ပေးသနားစေမှာ....




ကလေးတို့ရေ ဒီဇာတ်လမ်းလေးကို ဖတ်ရှုရခြင်းကြောင့် ကျေးဇူးရှင်ကို
မဖြစ်မမှားဖို့နဲ့... ဖြစ်မှားမိရင် ဘေးဒုက္ခတွေ့တတ်ပုံကို သတိပြုဆင်ခြင်
နိုင်ဖို့... တင်ပြလိုက်ရပါတယ်ဗျာ။ ... ...

ပြီး

ဖြူစင်ခြင်းရဲ့တန်ဖိုး

လရိပ်မေ(သာပေါင်း)



တစ်ခါက ရွာတစ်ရွာရဲ့ ဥစ္စာပစ္စည်းပြည့်စုံလွန်းတဲ့ မိသားစုထဲမှာ မနောဖြူအမည်ရှိတဲ့ မိန်းမပျိုလေးတစ်ယောက်ရှိသတဲ့။ အဲဒီမနောဖြူလေးဟာစိတ်နေစိတ်ထားမွန်မြတ်ပြီး မိန်းကလေးပီသစွာ သိမ်မွေ့လွန်းတာကြောင့် အားလုံးကသိပ်ချစ်ကြတယ်။ ဟိုးရှေး အတိတ်ကံကောင်းလွန်းလို့ ယခုပစ္စုပ္ပန်ကံကောင်းတဲ့ ရွာထဲက အချမ်းသာဆုံး သူဌေးသမီးလေးတစ်ဖြစ်လာတာပေါ့။ မနောဖြူလေးဟာ စိတ်သဘောထား ဖြူစင်မြင့်မြတ်သလောက် သူ့မိဘများကတော့ စည်းစိမ်မာနနဲ့ အလွန်းထောင်လွှားမောက်မာတယ်။ စိတ်သဘောထား သေးသိမ်လွန်းတယ်၊ စည်းစိမ်ဂုဏ်တွေကို မက်မောပြီး လူတွေကို အဆင့်အတန်းခွဲခြားဆက်ဆံတယ်။

မနောဖြူလေးဟာ သူဌေးသမီးလေး ဖြစ်ပေမယ့် လည်း အိမ်အလုပ်တွေအားလုံးကို တစ်ယောက်တည်းပဲ လုပ်တယ်။ မနက်အစောဆုံး အိပ်ယာထပြီး ထမင်း၊ ဟင်းတွေချက်ပြုတ်တယ်။ ချက်ပြီးရင်ကိုယ်လက်သန့်စင်

ပြီးမွန်မြတ်သော စိတ်စေတနာနဲ့ဘုရားရှင်အတွက် အာရုဏ်ဆွမ်း၊ ဆီးမီး၊ နံသာ၊ ပန်းနဲ့ ရေချမ်းတွေ ကပ်လှူပူဇော်တယ်။ လောကအတွင်းက သတ္တဝါအားလုံးအတွက်လည်း မေတ္တာပို့အမျှဝေပေးတယ်။ မိုးလင်းအိပ်ယာထလာမယ့် မိဘနှစ်ပါးအတွက် ရေအေး၊ ရေနွေးစီစဉ်ပေးထားပြီး၊ နံနက်စာ ထမင်းဝိုင်းလေးလည်း အမြဲပြင်ဆင်ထားပေးတယ်။ ရပ်ရေးရွာရေးထဲက အလှူအတန်းတွေမှာလည်း မနောဖြူလေးဟာ မပါမဖြစ်အောင် ကူညီပေးတယ်။ မနောဖြူလေးဟာ သူ့ရဲ့ မုန့်ဖိုးငွေလေးတွေကို စုထားပြီး မရှိဆင်းရဲသူတွေကို ပေးဝေတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရက်မြတ်ဖြစ်တဲ့ ဥပုသ်နေ့တွေမှာ ကျောင်းတွေကို ဆန်တွေ လှူသလို အစောဆုံး အိမ်ရှေ့က ဖြတ်လာတဲ့လူတွေကိုလည်း ဆန်သုံးဘူးစီ အမြဲပေးလှူသတဲ့။ အဲ့ဒါကြောင့် တစ်ချို့မရှိဆင်းရဲသားတွေဟာ ဥပုသ်နေ့ရောက်ရင် သိပ်ကိုပျော်ရွှင်နေကြရတယ်။ ဥပုသ်နေ့တွေရောက်တိုင်း မနောဖြူရဲ့ခြံရှေ့မှာ ဆန်လှူခံသူတွေနဲ့ အမြဲတမ်းစည်းကားနေခဲ့တာပေါ့။



တစ်နေ့မှာတော့ မနောဖြူလေးခြံထဲကို ဆင်းလာချိန်မှာပဲ ခြံရှေ့ကလမ်းမပေါ်မှာ အဘိုးအိုတစ်ယောက်လဲနေတာကို တွေ့တယ်။ မနောဖြူလေးဟာ ချက်ခြင်း အဘိုးအိုထံသွားပြီး ကြည့်တယ်။ ဘယ်အချိန်ထဲကလဲ နေမှန်း မသိရတဲ့ အဘိုးအိုဟာ သတိလစ်မေ့ မျောနေတယ်။ မနောဖြူလေးဟာ အနီးပတ်ဝန်းကျင်က လူတွေကို ခေါ်ပြီး အဘိုးအိုခြံထဲက ကွပ်ပျစ်ပေါ်ကို တင်ခဲ့တယ်။ ပြီးတာနဲ့ အဘိုးအိုကို ဆေးဆရာနဲ့ ဆေးကုသပေးတယ်။ ဆေးဆရာပြန်သွားပြီး နောက်တစ်နာရီလောက်အကြာမှာ အဘိုးအိုဟာ သတိပြန်ရလာတယ်။ အဘိုးအိုရဲ့ မျက်လုံးတွေဖွင့်လာတဲ့အချိန်မှာတော့ မနောဖြူလေးဟာ ချိုသာသော အသံနဲ့ "သက်သာပါရဲ့လားအဘိုး" လို့ မေးမြန်းတာပေါ့။ အဘိုးအိုကလည်း နေကောင်းသွားပြီမို့ ကျေးဇူးတင်ပါတယ် သမီးရယ်လို့ ပြန်ဖြေလိုက်တယ်။ နောက်တော့ အဘိုးအိုဟာ "ကိစ္စရှိသေးတာကြောင့် ခရီးဆက်ရဦးမယ်သမီး၊ အဘိုးကိုခွင့်ပြုပါဦးကွယ်၊ သမီးရဲ့ကျေးဇူးကို မမေ့ပါဘူး" လို့ ပြောပြီး မနောဖြူလေးဟာ ကွပ်ပျစ်လေးပေါ်မှာ ထသွားဖို့ပြင်တော့ ကွပ်ပျစ်လေးပေါ်မှာ ရွှေသားစစ်စစ်နဲ့ ပြုလုပ်ထားတဲ့ ရွှေကြယ်သီးလေးတစ်လုံးကို တွေ့ရတယ်။ ကြယ်သီးလေးဟာ တန်ဖိုးများပြီး ဘယ်သူကျ ကျန်ခဲ့လဲဆိုတာ မနောဖြူမသိ ဖြစ်နေတယ်။ ခြံထဲကို ရောက်လာတဲ့ အဘိုးအိုကလည်း အင်မတန်ဆင်းရဲတဲ့ အသွင်သဏ္ဌာန်မို့ ရွှေကြယ်သီးလေးဟာ အဘိုးအိုရဲ့ ပစ္စည်းလေး မဟုတ်မှန်းလဲ တွေးမိတာပေါ့။ အဲဒါကြောင့် တန်ဖိုးရှိတဲ့ ရွှေကြယ်သီးလေးကို ပိုင်ရှင်တွေ့ရင် ပြန်ပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ သိမ်းထားလိုက်တယ်။

မနောဖြူရဲ့မိဘတွေဟာ သမီးကိုချစ်လွန်းလို့ မပြောရက်ပေမယ့် ဆင်းရဲချို့တဲ့တဲ့ အဘိုးအိုကို ပြုစုခဲ့တာတွေကို တော့ လုံးဝသဘောမတူနိုင်ဘူး။ ဒီလိုနဲ့ နောက်ရက်သတ္တပတ်ကြာတဲ့အခါမှာ အဘိုးအိုဟာ မနောဖြူရဲ့ခြံရှေ့

ကိုရောက်လာပြန်တယ်။ ဒီအခါမှာတော့ မနောဖြူရဲ့မိခင်ကြီးဟာ ချက်ခြင်းပဲ အိမ်ပေါ်ကဆင်းလာပြီး အဘိုးအိုဆီလာတယ်။ အဘိုးအိုရှေ့ရောက်တဲ့အခါမှာတော့ အလွန်မောက်မာတဲ့ လေသံနဲ့ ရိုင်းရိုင်းစိုင်းစိုင်းစကားလုံးတွေကိုသုံးကာ အဘိုးအိုကို နှင်ထုတ်သတဲ့။ အဲဒီအခါမှာ အဘိုးအိုဟာ မနောဖြူလေးရဲ့ မိခင်ကြီးကို “လူဆိုတာ ကျေးဇူးနဲ့ အကြွေးကိုကျေအောင်ဆပ်ရတယ် ဆိုတာ မှတ်ထားပါ ” ပြောပြီး လှည့်ပြန်လာခဲ့တယ်။ အဘိုးအိုရဲ့ စကားကိုကြားရတဲ့အခါမှာ မိန်းမကြီးဟာ အင်မတန်ဒေါသကြီးပြီး “မရှိလို့ ငါ့အိမ်လာတောင်းတဲ့ သူတောင်းစားက ငါ့ကိုပြောရတယ်လို့ ဒီထက်မကအောင်ဆင်းရဲပါစေ” လို့ အော်ဟစ် ပြောဆိုတယ်။ ပြောဆိုပြီးတာနဲ့ အိမ်ပေါ်တက်သွားပြီး မနောဖြူလေးကို “ သမီးမနောဖြူ ဒီနေ့ကစလို့ ဘယ်သူ့ကိုမှ ဘာမှလှူရဘူး။ ကုသိုလ်မရတဲ့အပြင် အကုသိုလ်တွေပဲ ရလာတယ်။ လှူတာတွေရှုရင် သေခန်းဖြတ်ပစ်မယ်” လို့ ပြောသတဲ့။ မနောဖြူလေးဟာ သဒ္ဒါတရားပြည့်ဝပြီးသူမို့ မိမိအတွက်နဲ့ မိဘငရဲကြီးမှာ စိုးရိမ်ပြီး အလှူတွေကို ရပ်ထားရတာပေါ့။

အချိန်မကြာသေးခင်မှာ မနောဖြူလေးတို့ဘဝထဲကံကြမ္မာဆိုးကြီးက ဝင်ရောက်မွှေနောက်ခဲ့တယ်။ အမှတ်တမဲ့နေရင်းမီးဖိုထဲက မီးစလေးကတဆင့် မီးတောက်ကြီးတွေဖြစ်ကာ မနောဖြူလေးတို့ရဲ့ စည်းစိမ်ချမ်းသာတွေပြည့်ဝနေတဲ့အိမ်ကြီးကို မီးတောက်တွေက ဝါးမျိုသွားခဲ့တယ်။ အနီးပတ်ဝန်းကျင်က လူတွေက မနောဖြူလေးရဲ့ စေတနာကိုတန်ဖိုးထားပြီးကူညီပေးပေမဲ့ပစ္စည်းအနည်းငယ်သာ ကျန်ရစ်ခဲ့ပြီးမနောဖြူရဲ့ဖခင်ကြီးမှာ ဒဏ်ရာတွေပြင်းထန်စွာရရှိခဲ့တယ်။ စည်းစိမ်ဥစ္စာတွေဟာ ရန်သူမျိုးငါးပါးနဲ့ ကင်းလွတ်မှုမရှိတာကို သိထားတဲ့မနောဖြူလေးက ဘာမှမဖြစ်ခဲ့ ပေမယ့် မာန်မာနခက်ထန်တဲ့ မိခင်ကြီးကတော့ ပစ္စည်းတွေဆုံးရှုံးသွားတဲ့စိတ်နဲ့ အရူးတစ်ပိုင်းဖြစ်နေခဲ့တယ်။ မနောဖြူလေးအတွက်တော့ ဝမ်းသာစရာကောင်းတာရှိတာက အဆိုးထဲက အကောင်းအတိုင်းကျန်ရစ်ခဲ့တဲ့ ရွှေကြယ်သီးလေးကို ပြန်ရခဲ့တာပါပဲ။ မနောဖြူလေးဟာ ဘယ်လောက်ပဲဆင်းရဲပါစေ ရွှေကြယ်သီးလေးကို ပိုင်ရှင်တွေ့ရင် ပြန်ပေးမယ်ဆိုတဲ့စိတ်ကူးနဲ့ ရောင်းမစားခဲ့ဘူး။ ဒီလိုနဲ့မနောဖြူလေးဟာ ဒုက္ခိတ ဘဝကိုရောက်သွားတဲ့ ဖခင်ကြီးကို ပြုစုရင်း မိခင်ကြီးကိုလည်း စိတ်တည်ငြိမ်လာအောင် ပြုစုစောင့်ရှောက်နေတာပေါ့။

ဒီလိုနဲ့ ဥပုသ်နေ့ကို ရောက်တဲ့အခါမှာတော့ မနောဖြူလေးဟာ ခါတိုင်းလိုမလှူတန်းနိုင်ခဲ့တာကြောင့် အိမ်ထောင့်အပင်လေးအောက်မှာ တစ်ယောက်ထဲ ငိုနေခဲ့ရတယ်။ အဲဒီအချိန်မှာပဲ ခြံရှေ့မှ ဖြတ်လျှောက်သွားတဲ့ လူငယ်လေးတစ်ယောက်ကိုမနောဖြူလေး တွေ့ခဲ့တယ်။ တွေ့တာနဲ့ မနောဖြူလေးဟာ နောက်ကပြေး လိုက်ပြီး လူငယ်ကို အိမ်ခေါ်လာတယ်။ အိမ်ရောက် တဲ့အခါမှာတော့ မနောဖြူလေးက အခန်းထဲကို ဝင်သွားပြီး လက်ထဲမှာ ပစ္စည်းလေးတစ်ခုကို ယူလာခဲ့တယ်။ လူငယ်ရဲ့ အင်္ကျီမှာတပ်ထားတဲ့ ရွှေကြယ်သီးကို သေချာ ကြည့်ပြီး





တာနဲ့ “ရွှေကြယ်သီးလေး ပြန်ပေးချင်လို့ပါ။ ရှင့်ပစ္စည်းဆို ပြန်ယူသွားပါ ”လို့ ပြောပြီး လူငယ်ကို ပေးလိုက်တယ်။ လူငယ်လေးဟာ ပျောက်သွားတဲ့ကြယ်သီး လေးပြန်တွေ့ ရပြီမို့ သိပ်ပျော်သွားတာပေါ့။ သိပ်ကျေးဇူးတင်ကြောင်း ပြောပြီး လူငယ်လေးလည်း ပြန်သွားခဲ့တယ်။

နောက်တစ်နေ့မှာတော့ မနောဖြူရောခပ် သွားနေချိန်မှာ အိမ်ကို သူဌေးမိသားစု တစ်စုရောက်လာတယ်။ မနောဖြူရဲ့ မိခင်ကြီးက ဘာကိစ္စရှိလို့လဲ မေးတာပေါ့။ အဲဒီအခါမှာ သူဌေးကြီးက “ကျုပ်ရဲ့ ရွှေကြယ်သီးလေးကို ဒီအိမ်က မိန်းကလေးက ပြန်ပေးခဲ့တဲ့အတွက် ရိုးသားမှုရဲ့ တန်ဖိုးကို ဂုဏ်ပြုဖို့ရောက်လာတာပါ။ ပြီးတော့မိန်းကလေးနဲ့လည်းတွေ့ဖို့ အတွက်လာခဲ့တာပါ ” လို့ ပြောခဲ့တယ်။သူဌေးကြီးရဲ့စကားကို ကြားရတဲ့အခါမှာ မိန်းမကြီးဟာအဘိုးအိုကို သေချာကြည့်ပြီး တစ်စုံတစ်ခုကို သတိရလိုက်တယ်။ အဲဒီအချိန်မှာပဲ မနောဖြူလေးဟာ ရေခပ်နေရာက ပြန်ရောက်လာတော့ အိမ်ပေါ်ကိုရောက်နေတဲ့ အဘိုးနဲ့ လူငယ်ကိုတွေ့ ပြီး အလွန်အံ့သြနေတာပေါ့။ အဘိုးအိုဟာ မနောဖြူလေးကို မြင်တဲ့အခါမှာ “သမီးရယ် လူဆိုတာ ကျေးဇူးနဲ့ အကြွေးကို ကျေအောင်ဆပ်ရတာမို့၊ အဘိုးရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ သမီးရဲ့ ကျေးဇူးတွေကို ဆပ်ဖို့အတွက်လာခဲ့တာပါ။ပြီးတော့ အဘိုးရဲ့သားအတွက် ဇနီးကောင်းကို အဘိုးကိုယ်တိုင်ရှာဖွေခဲ့ချိန်မှာ ရွှေကြယ်သီးလေးဟာ သမီးထံမှာ ကျန်ခဲ့တယ်။ သမီးက ရိုးသားစွာနဲ့ ပြန်ပေးချိန်မှာ အဘိုးရဲ့သားနဲ့ တွေ့ခဲ့တာပေါ့ . . . သမီးလေး လက်ခံမယ်ဆိုရင် မိဘတွေဆီမှာ သမီးလေးကို တင့်တယ်စွာ တောင်းရမ်းချင်ပါတယ် ” လို့ ပြောပါတယ်။


မနောဖြူလေးဟာ မိမိရဲ့ ဘဝအခြေအနေကိုသိပြီး မိဘများရဲ့ရှေ့ရေးကို တွေးရှာတယ်။ အဘိုးအိုရဲ့ ကျေးဇူးဆပ်တဲ့သဘောကိုလည်း နားလည်တော့ . . . နောက်ဆုံးမှာ သူဌေးကြီးရဲ့ သားလေးနဲ့လက်ထပ်ဖို့ သဘောတူလိုက်သတဲ့။ မနောဖြူလေးဟာ အသိတစ်ခုရရှိပြီး သတိထားမိတာက “ မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားရှိခြင်းဟာ ဘဝကို အေးချမ်းသာယာစေသော မဂ်လာတစ်ပါးဖြစ်တယ်” ပေါ့။ ဒီလိုနဲ့ မနောဖြူလေးဟာ အဆိုးလောကဓံမှ အကောင်းလောကဓံကို တစ်သက်တာ ခံစားခဲ့ရတာပေါ့ ကွယ်။

ကလေးတို့ရေ . . . ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။ ကလေးတို့လဲ ပုံပြင်လေးထဲက မနောဖြူလေးလို မိဘကျေးဇူးသိတတ်ရမယ်၊ စိတ်သဘောထားဖြူစင်စွာ ထားရှိရမယ်နော်။ ကံကြမ္မာလှည့်ကွက်ထဲမှာ အဆိုးအကောင်းဘယ်လို လောကဓံတွေပဲလာပါစေ . . . ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကို ထားပြီး အေးချမ်းသာယာနိုင်ပါစေ . . . ကလေးတို့ရယ်။


လရိပ်မေ(သာပေါင်း)

လည်ရွဲတရား စီရင်ခြင်း မောရ်ရဲသူ့နှုန်ကုန်တက္ကသိုလ်






ဒီအချိန်မှာ မိန်းမငယ်တစ်ယောက်ဟာ ရေကန်ကိုရောက်လာပြီး သူဆင်းရဲမှုတွေ ထားတဲ့လည်ဆွဲကိုတွေ့သွားတယ်
ဒါနဲ့ ရေချိုးနေတဲ့ သူဆင်းရဲမကို တွေ့သွားတော့ လည်ဆွဲကို ခစား ကြည့်ချင်တယ်လို့ ပြောသတဲ့..
ဟင် လှလိုက်တာ ဘာလေးပါလိမ့်..
အစ်မရေ.. ဒီလည်ဆွဲက သိပ်လှတာပဲနော် ဒီဟာမျိုး ကျွန်မလည်း ထိုးကြည့်ချင်လို့ပါ အဲသဘာယလောက်ကွန်ယက်ပဲဟင် လှလို့ကျွန်မခစားဝတ်ကြည့်မယ်နော်




ဒီနေ့ ယူဆင်းရဲမဟာ
ယူလယ်ရွာကို ဆိုးကျူး
ပြောဆိုတာကိုသဘောကျ
တာရယ် မိန်းမငယ်ကို
ရိုးသားစွာပြောဆိုတာလို့
ယုံကြည်တာရယ်ကြောင့်
ခွင့်ပြုလိုက်တာပေါ့ ..



မိန်းမငယ်လည်း လယ်ရွာကို လယ်ပင်းမှာ
ဝတ်ဆင်ပြီး သိပ်သဘောကျနေသတဲ့



ပြီးတော့ မိန်းမငယ်ဟာလယ်ရွာကို ဝတ်ဆင်ပြီး
အလစ်မှာ ထွက်ပြေးတော့တယ်..




လယ်ရွာရှင် မိန်းမလယ်: ရုတ်တရက်ကြောင်ကြသွားပြီး
သူ့မရဲ့လယ်ရွာကို မိန်းမငယ်ယူပြေးကြောင်း သတိ
ရကာ ကွန်းပေါက်ကိုပြေးတက်တော့တာပေါ့..


ပြီးတော့ အကြီးကို ကပျာကယာဝတ်ပြီး
မိန်းမငယ်နောက်ကိုပြေးလိုက်တယ်..
မိန်းမငယ်ကို မိလာတာနဲ့ အကြီးစကိုလှမ်းဆွဲပြီး
လှည်းရွာကိုပြန်တောင်းတယ်..
ဟဲ့သူသိုးက ဘာပြုလို့
ငါ့လှည်းရွာကို ခိုးပြေးတာလဲ
ပြန်ပေး အခုပြန်ပေး
ရှင့်လှည်းရွာကို ကျွန်မ
ဘယ်မှာ ခိုးလို့လဲ
ရှင်မတရားမစွပ်စွဲနဲ့
ကျွန်မအကြီးကိုဘာလို့
ဆွဲထားတာလဲ လွှတ်


အမယ်ဘာလို့လွတ်ရမှာလဲ
ငါလည်ရွှေကို သူသိ ဒီးပြီး
ပြေးသွားတာ ပြုစမ်းပေး..
အို ရှင်မဟုတ်
မတရားပြောနေတာ
အခုချက်ချင်းလွတ်
မိန်းမနှစ်ယောက်အငြင်းပွားနေရာကို
ရွာသူရွာသားတွေ ဝိုင်းလာပြီးအမျိုးမျိုး
ကိုယ်ထင်ရာကိုဝေဖန်ပြောနေကြတယ်
ရုတ်ရုတ်သဲသဲအသံတွေကိုကြားလို့မဟောသဓာက
ဂုံရွှေဟော်တွေကိုလွှတ်ပြီး ခွဲစမ်းစေတာပေါ့..
မိန်းမနှစ်ယောက်လည်ရွှေပြဿနာအငြင်းပွား
နေတာသိရလို့ ဘေးစေပြီး စစ်မေးတယ်..


ဒီအဘို မိန်းမနှစ်ယောက်စလုံးက မိမိရဲ့ လှည့်ရွှေ့အမှုန်လို့ပဲထွက်ဆိုကြတယ်..
ကောင်းပြီလေ ဒါဆိုရင် အယင်တို့ကျွန်ုပ်ဆုံးဖြတ်တာ နာခံနိုင်ကြမှာလား
မဟောသဓအမှေးကို မိန်းမနှစ်ယောက် စလုံးကနာစံမယ်လို့ ဆိုကြသတဲ့..
ဒါဆိုရင် သင်တို့ ဟုတ်မှုန်တိုင်းဖြေကြ ကျွန်ုပ်မေးပါ့မယ်.


ဒါဆိုရင် အစ်မငယ်က
ယင်္ကယ်ရွှဲကို ဘယ်နှယ်နဲ့
လိမ်းသွတ်ပါသလဲ
အရှင်ယား အဖမ်းနဲ့သာ
ပေါင်းခဲ့ရောစပ်ထားတဲ့
ယမ္မသာဟာရကလို့ဆိုတဲ့
နံ့သာပေါင်းနဲ့ အမြဲလိမ်းပါတယ်
အစ်မကြီး အသင်ကကော
ဘယ်နှယ်နဲ့ လိမ်းသွတ်
ပါသလဲ..
အရှင်ယား ကျွန်မက
အာလုန်းဆင်းရဲပါတယ်
ဒါကြောင့်နဲ့သာပေါင်းလို
အဖိုးတန်ကိုမသုံးနိုင်ပါဘူး
အာလကားရတဲ့ရွှစ်ရှားပွင့်နဲ့ပဲ
နှေ့တိုင်းလိမ်းသွတ်ရပါတယ်
ကလေးရွှဲစုံစာစောင်


ဒါနဲ့ မဟောသဓ သတို့သားဟာ
ပရိသတ်ကို မိန်းမနှစ်ဦးပြောတဲ့
စကားကိုမှတ်သားတားစေတယ်
ပြီးတော့သူ့ရဲ့ရံဖွေတော်တွေကိုရေခပ်ခိုင်းပြီး
လှည်းပွဲကို ရေဖျက်ထဲ ဆိမ့်စေတယ်..
ခဏကြာတော့ပရိုယတ်ထဲကရိုးသားပြောင်မတ်
ဟန်ရှိတဲ့အဘိုးအိုတစ်ယောက်ကို ခေါ်ပြီး
ရေဖျက်ထဲကို နှမ်းစေတယ်..
ဟာအန်ရဲ့ပါသလဲ
ဦးရိုးတော်


မဟောသဓာရဲ့အမေးကို လူကြီးက
ရိုးသားစွာနှင့် ရှစ်ရွားပွင့်အနုပ်
ရုံတယ်လို့ ဖြေလိုက်သတဲ့ ..
ဂ်ာ..သင်ကသင့်လျော်ရှာလို့
ပြောတယ်ဒွေ့ သင့်လျော်ရှာ
မဟုတ်ကြောင်း အာနုံက
သက်သေပြနေပြီ
သင် ဘာပြောမလဲ
ဒီတော့မှ မိန်းမငယ်လေးသည်း
နှိုးယှဉ်မိကြောင်း ဝန်ခံပြီး
တောင်းပန်စကားဆိုတယ်
မဟောသဓာလူသည်း
လူသစ်ရှိ ပိုင်ရှင်အစစ်
ဖြစ်တဲ့ယူဆင်းရဲမကို
လူသစ်ရှိ ပြန်ပေးစေတယ်
ပုံပြင်ကမ္ဘာ ကလေးရွယ်စုံစာစောင်

ပြီးတော့ မဟောသဓက မိန်းမငယ်ကို ခိုးယူခြင်း လိမ်လည်ခြင်းတို့ဟာ မကောင်းကြောင်းဆုံးမ ပြောကြားပြီး မိန်းမနှစ်ဦးကို ပြန်လွှတ်လိုက်တော့တယ်

အထောက်တော်အမတ်ဟာ လှည့်ရွဲ့တရားစီရင်တဲ့ အကြောင်းကို မင်းကြီးဆီ သတင်းပို့တယ်။

ဒီတော့ မင်းကြီးက ယောနကအမတ်ကြီးကို တိုင်ပင်တော့ အမတ်ကြီးက ကန့်ကွက်လို့ မဟောသဓကိုခေါ်ဖို့ဆိုင်းထားရပြန်တယ်

ဒါပေမဲ့ မင်းကြီးက အထောက်တော်အမတ်ကို ဆက်ပြီး စုံစမ်းဖို့ အမိန့်သူထားလိုက်သတဲ့ကွယ်

ပြီး

မတူရာတုလို့ – မပြုနဲ့ကွယ်

ကျော်ဝင်းမောင် (ကျောက်မဲ)



ပုံပြင်ပြောမယ်၊ ကလေးတို့ရေ၊
ဟိမဝန္တာ ဆိုတဲ့ တောမှာလေ။

ရေဆာနေတဲ့ ခြင်္သေ့မင်း၊
ဂူကထွက်လို့ ရေသောက်ဆင်း။

ပက်ပင်းတွေ့ပြီမြေခွေးကို၊
ရေသောက်ဆင်းရာ လမ်းဗဟို။

စိုးရွံ့ဟန်ပို ပြောလာတဲ့စကား၊
ခစားခွင့်ပေးပါ အရှင့်ထံပါး။

သနားတတ်တဲ့ ခြင်္သေ့မှာ၊
ခစားစေ လို့ သူမိန့်တာ။

မြေခွေးခစား ခြင်္သေ့အနား၊
စားကြွင်း စားကာ သူဖွံ့ထွား။

တစ်နေ့တစ်ခြား ဝဖြိုးလာ၊
အားအင်အပေါ်မှာ မာန်ဝင်ကာ။

တစ်နေ့မှာ ခြင်္သေ့အား၊
ဆင်ဖမ်းကျွေးပါ့မယ် သူပြောကြား။

ဆင်းဖမ်းခြင်းကား အန္တရာယ်၊
စဉ်းစားဆိုလော့ မြေခွေးငယ်။

ခြင်္သေ့ဘယ်လို တားသော်ငြား၊
မြေခွေးမာန်လွှား အရေးမထား။

တောင်ထိပ်ဖျားသို့ တက်ကာရယ်၊
ဆင်လာလမ်းကို စောင့်တော့တယ်။

ချိန်ဆကာရှယ် ခုန်ဆင်းတော့၊
ဆင်ခေါင်းပေါ်ကျ သေဖို့ပေါ့။

ဆင်လာပြီပေါ့ တောင်အောက်မှာ၊
မာန်ဝင်မြေခွေး ခုန်ချရာ။

ကံဆိုးစွာ ခေါင်းပေါ်မကျ၊
ဆင်ခြေနားကျ သူ့ဘဝ။
ဆင်နင်းသတ်လို့ သေသွားရ။

မှတ်သားတွေးဆ ဆင်ခြင်စရာ၊
ပုံပြင်ကမ္ဘာချစ် ကလေးတို့ရာ။

မတူရာတုလို့ မပြုလေနဲ့၊
စေတနာမနောနဲ့ ပြောမယ်ကွယ်။

မာနဆိုတဲ့စိတ်ထားဟာ၊
အောင်မြင်ရေးတွက်၊ အားထားရာ။

ဉာဏ်ယှဉ်ကာ သုံးစေဖို့၊
မှာကြားလိုက်တယ်၊ ကလေးတို့။

ကျော်ဝင်းမောင်(ကျောက်မဲ)

"ဖိုးရွှေလိပ်၏ ဉာဏ်"

သန္တာမြတ်သောင်း



ကလေးတို့ရေ . . .

ဒီတစ်လပြောပြမယ့် ပုံပြင်လေးက "ဖိုးရွှေလိပ်၏ ဉာဏ်"ပါ။ လောကမှာ ခွန်အားကြီးသူနဲ့ အားနည်းသူရှိတယ်။ ခွန်အားကြီးသူက ခွန်အားဗလကို အားကိုးပြီး အနိုင်မကျင့်ရဘူး။ ခွန်အားနည်းသူကို ညှာတာသနားရမယ်။ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားနေကြရမယ်။ ကျီးကို ဘုတ်ရိုသေ၊ ဘုတ်ကို ကျီးရိုသေ နေမှသာ လောကကြီးက လှပသာယာမယ်။ ကဲ . . . ပုံပြင်လေး နားထောင်ရအောင်။

တစ်ခါတုန်းက တောအုပ်ကြီးတစ်ခုမှာ ခွန်အားကြီးတဲ့ ဆင်ကြီးတစ်ကောင်ရှိတယ်။ အဲဒီဆင်ကြီးရဲ့ နာမည်က ဗလကြီးတဲ့။ ဗလကြီးဟာ ခွန်အားဗလကြီးသလောက် တိရစ္ဆာန်တွေအပေါ်သိပ်အနိုင်ကျင့်တယ်။ ဗလကြီးရဲ့ခြေထောက်အောက်မှာ သေသွားကြတဲ့ တိရစ္ဆာန်တွေ မနည်းဘူး။ တစ်နေ့မှာ ဗလကြီးဟာ ရေအိုင်ကို ရောက်ဆင်းတော့ ရေအိုင်စပ်က ဖားမကြီးနဲ့ ဖားလေးတွေကို ခြေထောက်ကြီးနဲ့ နင်းချသွားတာပြားနေတာပဲတဲ့။ ဖားဖိုကြီးဟာ ဝမ်းနည်းပမ်းနည်း ငိုတာပေါ့။

"အောင်မလေး . . . ရက်စက်လိုက်တဲ့ ကိုဗလကြီးရယ်။ ကျုပ်မိန်းမနဲ့ ကျုပ်ကလေးတွေမှာ ဘာအပြစ်မှမရှိဘဲ ရက်ရက်စက်စက်သတ်ရသလား"

ဖားဖိုကြီးရဲ့ ကြေကြေကွဲကွဲငိုတဲ့အသံကို တခြားတိရစ္ဆာန်တွေကြားပေမဲ့ ဆင်ကြီးဗလကို မယှဉ်ရဲတဲ့အတွက် ဘာမှမပြောကြဘူး။ စိတ်မကောင်းတော့ ဖြစ်ကြတာပေါ့။ ဖားဖိုကြီးငိုသံကို ရေထဲက လိပ်ကြားတော့ ယက်ကန်ယက်ကန်နဲ့ ရေစပ်ကိုတက်လာပြီး မေးတယ်။

"ကိုဖားကြီးရယ် . . . ဘယ်လိုဖြစ်တာလဲ" မေးတော့ . . .

"ကိုရွှေလိပ်ရယ် . . . ဆင်ဗလကြီးပေါ့။ ကျုပ်မိန်းမနဲ့ ကလေးတွေကို သူ့လမ်းလွတ်ပါလျက်နဲ့ တမင်နင်းသတ်သွားတယ်လေ"

"ဒီဗလကြီး တရားလွန်နေပြီ။ ဆုံးမမှဖြစ်မယ်။ ဗလကြီးကို ကျုပ် ဆုံးမမယ်"

အဲဒီလိုကို ရွှေလိပ်က ပြောလိုက်တော့ ဖားဖိုကြီးက ပျာပျာသလဲ တားတာပေါ့။

"ဟာ မလုပ်ပါနဲ့ ကိုရွှေလိပ်ရယ်။ ဒီလောက် ခွန်အားကြီးပြီး ရက်စက်တဲ့ဗလကြီးကို ခင်ဗျားလို အကောင်သေးသေးလေးက မယှဉ်နိုင်ပါဘူး"

လို့ ပြောတော့ ကိုရွှေလိပ်က . . .

"မပူပါနဲ့ . . . လောကကြီးမှာ ခွန်အားထက် ဉာဏ်အားကသာပါတယ်"လို့ ပြောလိုက်တယ်။ ကိုရွှေလိပ်က တောအုပ်ကြီးတစ်ခုလုံးကို သိအောင်ကြေငြာတယ်။

"ဆင်ကြီးဗလကို ငါ နှိမ်နင်းမယ်ဟေ့"

တောထဲက တိရစ္ဆာန်တွေဟာ အဲဒီကြွေးကြော်သံကြောင့် တီးတိုးပြောဆိုရယ်မောကြတယ်။

"ကြည့်စမ်းပါဦး . . . ဒီလိပ်လေးသေးသေးလေးက ဆင်ကြီးကြီးကို နှိမ်နင်းမယ်တဲ့။ ဖြစ်နိုင်ပဲ့မလား"

အဲဒီလို တီးတိုးလျှောင်ကြပေမဲ့ ကိုရွှေလိပ်က မသိချင်ယောင်ဆောင်နေတာပေါ့။

ကလေးတို့ရေ . . .

ဉာဏ်ကောင်းပြီး သတ္တိရှိတဲ့ ကိုရွှေလိပ်ဟာ နောက်တစ်နေ့ ဆင်ကြီးဗလရေသောက်ဆင်းမဲ့အချိန်မှာ လမ်းပေါ်ကနေ အဆင်သင့်စောင့်နေတာပေါ့။ ဆင်ကြီးဗလက သူ့ကိုယ်လုံးကြီး လှုပ်စိလှုပ်စိနဲ့ ရေစပ်လည်း ဆင်းလာရော ကိုရွှေလိပ်က ဆင်ကြီးကြားအောင် အော်တာပေါ့။

"ဟေ့ကောင် . . . ဗလကြီး။ အီးဘောလောကြီး၊ မင်း သတ္တိရှိရင် ငါနဲ့ယှဉ်မလား"

အဲဒီလို ကိုရွှေလိပ်က အော်ပြောလိုက်တော့ ဆင်ကြီးဗလဟာ သူ့ကို ဘယ်သူက စော်ကားမော်ကား အော်သလဲလို့ လိုက်ရှာတယ်။ လမ်းအလည်မှာရပ်နေတဲ့ သေးကွေးတဲ့ လိပ်ကလေးကိုမြင်တော့ အရမ်းဒေါသထွက်တာပေါ့။

"အောင်မာ . . . မလောက်လေးမလောက်စားလိပ်စုတ်။ ငါ့ကိုများ စော်ကားဝံ့တယ်"

လို့ ဗလကြီးက ပြောလိုက်တယ်။ ကိုရွှေလိပ်က . . .

"အပိုတွေ ပြောမနေနဲ့။ ခင်ဗျားနဲ့ ကျုပ် ခွန်အားချင်းယှဉ်ကြမယ်လို့" ပြောလိုက်တယ်တဲ့။

ဒီတော့ . . . ဆင်ကြီးဗလက ဒေါသတကြီးနဲ့ ကိုရွှေလိပ်ဆီ ပြေးလာတာပေါ့။

"ကဲ . . . ဒီလောက်လေလုံးထွားတဲ့ လိပ်စုတ်။ ငါ့ခြေထောက်ရဲ့အရသာ မြည်းစမ်းပါဦး"

ဆင်ကြီးဗလ နင်းဖို့ပြေးလာတာနဲ့ ကိုရွှေလိပ်လေးဟာ ဦးခေါင်းရော၊ လက်တွေ၊ ခြေတွေပါ မာကြောတဲ့ လိပ်အခွံထဲမှာ ဝှက်ထားလိုက်တယ်။ မာကြောတဲ့ လိပ်ခွံကြီးကို ဆင်ကြီးဗလ နင်းမိတဲ့အခါ ကျောက်တုံးတစ်တုံးကို နင်းရသလိုပါပဲတဲ့ကွယ်။

ကိုရွှေလိပ်က ရယ်တာပေါ့။

"အလကား အီးဘောလောကြီး။ ငါ့ကျော အယားတောင် မပြေဘူး"

အဲဒီလို ကိုရွှေလိပ်က ပြောလိုက်တော့ ဆင်ကြီးဗလဟာ မျက်နှာပျက်သွားတယ်။ သူ နင်းချေတိုင်း သတ္တဝါတွေ သေကြပေမဲ့ ဒီလိပ်ကိုမသတ်နိုင်တဲ့အတွက် အရမ်းအံ့သြသွားတာပေါ့။

ကိုရွှေလိပ်က ပြောတယ်။

"ကဲ . . . အီးဘောလောကြီး။ နင်နဲ့ငါ ဘယ်သူက ခွန်အားပိုကြီးသလဲသိရအောင် ကြိုးခွေတစ်ချောင်းကို နင်နဲ့ငါ ပြိုင်ပြီးဆွဲမယ်။ နင်က ကုန်းသတ္တဝါဆိုတော့ ကုန်းပေါ်မှာဆွဲ၊ ငါက ရေသတ္တဝါဆိုတော့ ရေထဲမှာဆွဲမယ်။ ဘယ်သူဖက်ကို ပါမလဲကြည့်ရအောင်"

လို့ ပြောလိုက်တာပေါ့။ ဒီတော့ ဆင်ကြီးဗလက . . .

"လိပ်စုတ်ရေ . . . စဉ်းစဉ်းစားစားပြော။ ရှုံးရင် နင့်ကို လိပ်စွတ်ပြုလုပ်သောက်ပစ်မယ်"

လို့ ကြိမ်းတာပေါ့။ ကိုရွှေလိပ်က . . .

"စဉ်းစားစရာမလိုဘူး။ နင့်ကိုငါ ဆုံးမချင်နေတာ၊ စိန်ခေါ်ပြီးရင် ဘွာမခတ်တတ်ဘူးဟေ့"

လို့ ရဲရဲဝံ့ဝံ့ ပြောလိုက်သတဲ့။

ကလေးတို့ရေ . . .

ဆင်ကြီးဗလနဲ့ ကိုရွှေလိပ်တို့ပြိုင်ကြမဲ့ ပြိုင်ပွဲကိစ္စကို ကုန်းသတ္တဝါ၊ ရေသတ္တဝါတွေရဲ့ ပါးစပ်မှာ ရေပန်းစားနေတာပေါ့။ ကိုရွှေလိပ်လေးကိုလည်း သနားနေကြတယ်။ ကဲ့လည်း ကဲ့ရဲ့ကြတာပေါ့။



"အံ့ပါရဲ့ ဖားတုလို့ ခရုခုန်ချင်တယ်။ သေချင်းဆိုးနဲ့ သေတော့မှာပဲ"လို့ ဝေဖန်နေကြတာပေါ့။ ဘယ်သူတွေ ဘာပြောပြော ကိုရွှေလိပ်က မမှုပါဘူး။

ဒီလိုနဲ့ ဆင်ကြီးဗလနဲ့ ကိုရွှေလိပ်တို့ရဲ့ အားပြိုင်ပွဲနေ့ကို ရောက်လာတာပေါ့။ မြစ်ကမ်းတစ်လျှောက်မှာ လာကြည့်ကြတဲ့ တိရစ္ဆာန်တွေ အများကြီးပဲ။ ဆင်ကြီးဗလဟာ အဝါရောင်ခြုံလွှာကြီးကို ကျောပေါ်လွှမ်းထားပြီး မျက်နှာကြီးဟေ့လို့ ဝုံဝုံစားစားအမူအရာပါ။ လိပ်လေးကတော့ ကမ်းစပ်မှာ အေးအေးဆေးဆေးပါ။

အားလုံးက ကိုရွှေလိပ်ရှုံးမှာပဲလို့ တညီတညာ ထင်ကြေးပေးကြတာပေါ့။ ဒိုင်အဖြစ် တောရဲ့ဘုရင် ကိုကျားကြီးကလုပ်တယ်။ ဆင်ကြီးဗလက ကြိုးခွေရဲ့ တစ်ဖက်အစကို လည်ပင်းမှာ ချည်ထားတယ်။ ကိုရွှေလိပ်က ကျန်ကြိုးစတစ်ဖက်ကို ကိုက်ပြီး ရေထဲခုန်ဆင်းသွားတယ်။ ကိုရွှေလိပ်ဖက်က အဆင်သင့်ဖြစ်ပြီဆိုရင် ကြိုးစကို လှုပ်လိုက်ဖို့ အဲဒီအခါ ဆင်ကြီးဗလက ကြိုးကိုဆွဲမယ်။ ပါလာတဲ့ဖက်ကအနိုင်၊ မဆွဲနိုင်တဲ့ဖက်က အရှုံးလို့ သတ်မှတ်ထားတယ်။

ဆင်ကြီးဗလက ကြိုးစကို လည်ပင်းမှာချည်ပြီး ရပ်နေတာပေါ့။ ကိုရွှေလိပ်ဟာ ကြိုးစတစ်ဖက်ကို ကိုက်လို့ ရေထဲခုန်ဆင်းသွားပြီး ရေအောက်ကြမ်းပြင်က ကြီးမားလေးလံတဲ့ ဧရာမကျောက်တုံးကြီးမှာ ကြိုးကိုချည်လိုက်တယ်။ ခိုင်အောင်ချည်ပြီးတဲ့အခါ ကြိုးစကိုလှုပ်ရမ်းအချက်ပေးလိုက်တော့ ဆင်ကြီးဗလက အားကုန်ဆွဲတော့တာပေါ့။

ကလေးတို့ရေ . . .

ကြီးမားလေးလံတဲ့ ကျောက်တုံးကြီးမှာ ချည်ထားတဲ့ ကြိုးကိုသူဖက်ပါလာအောင် ဆင်ကြီးဗလ ဘယ်ဆွဲနိုင်ပါ့မလဲ။ ချွေးဒီးဒီးကျအောင်ဆွဲရင်း ဆင်ကြီးဗလမှာ မျက်နှာပျက်နေတာပေါ့။ တိရစ္ဆာန်တွေက . . .

"လိပ်လေးနဲ့တောင် မနိုင်တဲ့ဆင်ကြီးဗလ ရှက်ဖွယ်၊ ရှက်ဖွယ်"

လို့ ဝိုင်းလှောင်ကြတယ်။ ဆင်ကြီးဗလက ရှက်ရမ်းရမ်းပြီး အားကုန်ဆွဲတော့ ကြိုးပြတ်ပြီး ဆင်ကြီးဗလဟာ သူ့ကိုယ်လုံးကြီးနဲ့ တုံးလုံးလဲတာ တော်တောနဲ့ပြန်မထနိုင်ဘူးတဲ့။ ဆင်ကြီးဗလက ရှက်လွန်းလို့ခေါင်းမဖော်ဝံ့ဘဲ ဖြစ်နေတယ်။ ဒိုင်ဖြစ်တဲ့ကိုကျားကြီးကကိုရွှေလိပ်အနိုင်ရကြောင်း ကြေငြာတယ်။

ကိုရွှေလိပ်လေးက ခပ်တည်တည်နဲ့ကြိုးစကို ကိုက်လို့ ရေထဲကတက်လာတော့ လက်ခုပ်လက်ဝါးတီးလိုက်တဲ့ တိရစ္ဆာန်တွေရဲ့ အသံဟာ ကမ်းတစ်ခုလုံး ညံသွားတယ်။ ကိုရွှေလိပ်လေးကို ဒိုင်ဖြစ်တဲ့ ကိုကျားကြီးက ဆုအဖြစ် ဘာလိုချင်သလဲလို့မေးတယ်။ အဲဒီတော့ ကိုရွှေလိပ်က နောင်ဘယ်တော့မှ တိရစ္ဆာန်ငယ်တွေကို အနိုင်ကျင့် ညှဉ်းပန်းနှိပ်စက်ခြင်းမပြုပါဘူးဆိုတဲ့ ကတိကို ဆင်ကြီးဗလဆီက တောင်းသတဲ့။ ဆင်ကြီးဗလလည်း ပေးရတာပေါ့။

တိရစ္ဆာန်လေးတွေအပေါ် ခွန်အားဗလအားကိုးနဲ့ ကြီးနိုင်ငယ်ညှဉ်း၊ အနိုင်ကျင့်သတ်ဖြတ်ခဲ့တဲ့ဆင်ကြီးဗလဟာ ခေါင်းငိုက်စိုက်ချ၊ အရှက်ရလို့ ထွက်ခွာသွားရတာပေါ့။ အကြံဉာဏ်ကောင်းတဲ့ ကိုရွှေလိပ်ကို တိရစ္ဆာန်တွေက ဝိုင်းပြီးနမ်းကြ၊ ပန်းတွေနဲ့ ပစ်ပေါက်ကြနဲ့ ကိုရွှေလိပ်ဟာ ပန်းပုံကြီးပေါ်မှာ ပြုံးပြုံးပြီပေါ့။

ကလေးတို့ရေ . . .

ကလေးတို့လည်း ဆင်ကြီးဗလကို ရက်စက်ကြမ်းကြုတ်ပြီး သူတစ်ပါးကို အနိုင်ကျင့်တတ်သူ မဖြစ်အောင် နေရမယ်နော်။ ကိုရွှေလိပ်လေးကို ဉာဏ်ကောင်းရမယ်နော်။ ဒီလ ပုံပြင်လေးက ဒါပါပဲကွယ်။

သန္တာမြတ်သောင်း

CARTOON ဘိုးကေ သားယောကျ်ားသည် မင်းသမီး နှင့် ကိုက်ဝံကုန်းမင်းသမီး

ရှေးတုန်းက တိုင်းပြည်တစ်ခုမှာ မင်းသားတစ်ပါးသည် အသိုးတော် အုပ်ချုပ်ခြင်းကို ကျင့်သုံး ယောက်ထားခဲ့သည်ဝ

သားတော်မောင်သည်
အသိဉာဏ် အလွန်ကောင်းမြတ်ပါသောကြောင့်
အိပ်ထောင်ဖက်ရွာရန် နှုတ်ပြုတော် မူပါ
အုရာဒေဝ

မှန်ပါ မင်းသမီးအစစ်
ဂျာန် အတွက် အာပါလေးမျက်နှာ
ထွက်ရှာခွင့်ပြုတော်မူပါ အုရာဒေ

ကျွန်ုပ်ပြုသိတော်တွင်
သားတော်နှင့်ထိုက်တန်သော မင်းသမီး
ကို ခစ်ဆက်ရာ ရွေးယူပါလော့ဝ

ကောင်မလေးကို
သားတော်

ကလေးရွယ်စုံစာစောင်

မင်းသားနှင့် ဘကြီးတော်တို့ နေပြည်တော်မှ ထွက်ခွာလာကြလေသည်။။



ပထမဆုံး မိန်းကိုင်းပြည်ဘက်သွေးသော မင်းသမီးက







ထိုနှင့် နေဖြည်တိုင်းပြည်ကို ရောက်လာကြပြန်လေသည်။။


အင်္ဂြိမင်းသား
ကျွန်တော်မှန်ရှင့်ရှေ့ကဆက်ပါက
အိမ်ရှေ့မင်းကြီးကို ဂုဏ်လိမ့်
မည်။
သင်းသဉ်ပယ်သီး
အကျိုးဒုက္ခများလှစွာ
မင်းသမီးမောစေမည်
ဖြစ်ပါ။
အချောဘက်
ရောက်သောကြွေ
ပြန်လေသည်။


အဘွားမင်းသားသာ
ကျွန်တော်တို့ခွင့် ပျးခဲ့ဖက်ပါက
ကျွန် ုပ်ငံဖေါ်ဆေးသောပတိုကထုးကို
ဂျပါလိမ့်မည်ဟု
အမ ပိုးဆိပါလော့
သင်းသည်ကျွန်ုပ်အတွက်
မင်းသမီးမှာစစ်
မဟုတ်ပေ။
အခေါက်ကက် နေထင် ပိုင်ငံမှိန်ကက်ခဲ့ကြပြန်ပေါ်
အဘွားမင်းသားနှင့်
ကျွန်တော်မ အစ်ပါးရေယာအကဲကဲပါမှုင်
ကျွန်နေထင် ပိုင်ငံဖေါ် ကွန်အင်းဝဝန်ကထုးကို
ဂျပါလိမ့်မည်ဟု
သင်းသည်မှာလား
မင်းသမီး မှာစစ်
မဟုတ်ပို့င် ပါ။


မိန်းမကြီးထစ်ချင်နေတာ တစ်ဦးတည်းနဲ့ ဒုက္ခပေးတော်တာပဲ
ဒေါက်ဖိုကြားရဖို့ ဖွင့်လိုက်ရော၀ဲ
ကျွန်တော်မသည်
မင်းသမီးတစ်ပါးဖြစ်ပါသည်
အကြင်ဌာန မိုးလေပြင်းထန်ခဲ့ပါ
သမျှငါတော့ မိုးဒဏ်ခံပြီးပါကုန်
မင်းသားလေးသည်
အဂ္ဂလန်ပြည်ကိုရောက်ခဲ့တဲ့နှစ်
မင်းသမီးအာဆစ်ကို ကုမဂ္ဂ
သမ္ဘဝနဲ့ဆိတ်ယုတ်သွားကြောင်း
ဒုတ်ပြည်တော်သို့ပြန်ခဲ့ကြ
လေသည်၀၀၀
မင်းသမီးအာဆစ်ကို လိုလားတောင့်တနေကြသော မိဖုရားကြီးနှင့်
သားတော်တို့က ၀မ်းသာလွန်းဖြင့် ယက်ခုံလုံကြလေသည်၀၀

မိဖုရားကြီးသည် မင်းသမီးအာခစ်ဟုတ်မဟုတ် ဆုစမ်းလိုသဖြင့် သပွတ်ကောက်ကို အားလောက်ယပ်ကျဉ်းကား အိပ်ဆေးသည်။။။




ထိုအခါမိုးလေးသည်တစ်ဆွေလုံးပင်မြူးမာ
ပေါက်လည်း အိပ်ယာအောက်ပို့ပါစေဦးဆိုသဖြင့် အိပ်မပေျာ်ဘဲကြိုးစားနေလေသည်။။






မခင်ကြီးမိုးသောက်ကို မိဖုရားကြီး အိပ်ခိုင်း
အတွင်းထိုင်ဝင်လာသော်ညီမငယ်သောမျက်နှာ
ဖြင့် မိုးကလေးကို မြင်ကြလေသည်။။။



အိပ်ယာမှောက်ကို
ဘဂ္ဂါသည်မသိ တစ်ကိုယ်တည်း
ခုတ်ကျင်နေပါကြောင်
သမီးယောင် သူက
ကောင်းကောင်း မမြင်ပါဘူးလား
မနှံပါ
သူကတစ်သားပဲ
တစ်ခွေနေမှာမလွဲပါ
မင်းသမီး အာဝဇ်ကို
တွေ့ကြပြီပဲ။။။ သင်းသည်
မင်းသမီးအာဝဇ် ဖြစ်ခဲ့လေသည်

သားတော်ထီးသွားကို ထုထဲသော အိပ်ယာမှောက်တွင် ပစ္စေခံထားသည်ကိုပင် သိသော မင်းသမီးမောဆစ်တွေ့ဖြိုဟုဝမ်းသာခွာ ပြောကြားလေသည်။ ။




ထိုနောက် မင်း မိဖုရားနှစ်ပါးတို့သည် မင်းသားလေးကို မင်းသမီးလေးနှင့် ထိစပ်မြားလက်ထပ် ပေးစိုက် ပေတော့သတည်း။ ။





လင်းသက်ဦး
မင်းကြီးသင်္ခြိုင်
သရုပ်ဖော်..
CARTOONIST.
ဟဲ့ ဖြေးဖြေးတွန်းက.. ကပိုလပြည့်ပွဲမှာ...
မြို့မှာ ဒတ်ဘုရင်မင်းမြတ်
အုပ်စိုးတော်မူသတဲ့!!!!
ကလေးရွယ်စုံစာစောင်


အဲဒီ မင်းဟာ.. တည်ကြည်ဖြောင့်မတ်ပြီး
တိုင်းပြည်အပေါ်ချစ်စရာ အလွန်ပြင်းထန်တဲ့အတွက်
တိုင်းသူပြည်သားတွေဟာ..
ဘုရင်မင်းကို ဖူန်းတီးကြသတဲ့။။။
တောက်
ဒီမင်းဟာ.. တို့
ပြည်သားတွေအပေါ်
ရက်စက်လွန်းတယ်။။
တို့ဘုရင်ကြီးဟာ.. ဘယ်လောက်ပဲ
ဆိုးသွမ်းပါစေ..
ကျွန်တော်တို့ဘုရင်ကြီးပါ
ဘုရားရေ။။။
တိုင်းသူပြည်သားတွေက.. ဖူန်းတီး
ကြပေမယ့်.. ဘုရင့်အနား ခစားတဲ့
မျိုးကြီး မတော်ရောတွေက..
ဘုရင်ကြီးကို ခြီးကျူး
ဖြောက်ပင့်နေသတဲ့။။။



သူဟာ.. ဘုရင်ကြီးဖြေ့ မြောက်
အာခစား ဝင်ပြီးဝဒိုင်း..
သက်တော်ရှေ့ကျေးဇူးပါစေဘုရား
လောကမှာ အဝတ်ပြုတ်ခဲ့
အရှေ့သည် ဖျင်ဘုရင်ပါ ဘုရား...
ဘုန်း တန်ခိုး အာဏာရှိ ပြည်စုံကာ...
တစ်ခါ တရံကျတော့...
အဖျင်ဘုရားဟာ.. ဥာဏ်ပညာ
ထူးကဲပါပေတယ်.. သမာ သမတ်
ကျကျ အုပ်ချုပ်တာတင်ပေတယ်...
တန်ခိုး အာဏာနဲ့ ပြည်စုံကာ...
ဘုန်း တန်ခိုး အာဏာရှိခဲ့ကတော့...
ကပ္ပလက်ကို အုပ်ချုပ်သော
မြဟ္မာဒတ် အဖျင်သခင်
ပါပဲ ဘုရား...



ကိုယ်စိတ်နှစ်ပါး ရှိမယ်းသားကြီး
ကြွေဝယော အချင်းကိုသို့ ရှင်ဘုရင်
ညှို့လောကဋ္ဌ မင်္ဂလာတော်ပါ
ဘုရား။။။
ဒီလို အာယတ်ကြီး ဘွဲ့နှံးစည်သူ
လျှောက်တင်တဲ့ စကားကို ကြား
ရတဲ့အိုး.. ဘုရင်ပါဘာ စိတ်အနှောက်
အယှက် ဖြစ်လာတာဖို့...
တစ်ကိုယ်တည်း တွေးမိသတဲ့...
ဒီအာယတ်ကြီးကို တော့
တစ်နေ့ အကြောင်း
ပြရဦးမယ်။။
ဒီလိုနဲ့ နောက်နေ့ ဥပီလာခံ ယဝင်ထိပ်မှာ
အာယတ်ကြီး ဘွဲ့နှံးစည်သူကို ခေါ်ပြီး...


အမတ်ကြီး ပြောပြောနေတဲ့ တိုင်းပြည်မှာ.. ဘုရင်လည်ရတာ အလွန်မွန်မြတ်တာပဲလို့ ပြောနေဦး...
အာသင်... ဂျွန်ပြန့် ခဏလောက် နေရာချင်း လဲပါလား...
နောက်နေ့ မနက်ကမကြီး အာသင်.. ဘုရင်ဖြစ်သွားပြီ... မနက်ဖြန် မင်းညီမင်းသားတွေကို ညှဉ်ခံပွဲ လုပ်ရန်ဖြစ်တယ်...


အသင်ကျွန်ုပ်ဟာ... မင်းဝတ်မင်းစား ဝတ်၍.. ပလ္လင်ထက်တွင်.. ကျွန်ုပ်ကိုယ်စား ထိုင်ကာ.. နေ့ခဲ့ပေတော့...
ဒီအခါ အမတ်ကြီးလည်း ဝမ်းသာအားရဖြစ် လိုက်..
အရှင်၏ ဘုန်းတန်ခိုး ကြောင့် ကျွန်တော်မျိုး လူပါပါ့မယ်.. ကျေးဇူးကြီးလှပါစာယ် ဘုရား...
နောက်နေ့မှာတော့.. အမတ်ကြီး ဘုန်းစည်သူဟာ.. မင်းဖြောက် တန်ဆာ မျှားကို ဝတ်ဆင်လျက် ဘုရင်မင်းဖြတ်ရဲ့ ပလ္လင်ပေါ်မှာ ထိုင်နေသတဲ့...
အပြည်ပြည်က ကြွရောက်လာတဲ့ မင်းညီ.. မင်းသား.. မှူးမတ်တွေက ဦးညွတ် အရိုအသေပေး ကြတဲ့အခါ...
ဟိ...


အိန်း... ငါတော့..
အမြဲတမ်း ဂျင်းဘူးငှေ့ဖြူပြီ...
ဂျင်းဘူးငှေ့ ဘာတာ.. အလွန်
ကြီးမြတ်လှပါကလား။။။
ကောင်းပေ့-ညှတ်ပေ့ အဝတ်
ဝတ်ရတော်သည်။။ အသေသာကောင်းတွေ
ဂျိုးသည်း စားရတာပဲ.. သူများ
တွေရဲ့ အတွင်းအတိပ်ပြော
ဆရေတာ။။။
ဒီတစ်ခွမ်းဟာလှခွည်လား.. ဒီလို
တွေးငြိုးကနေ
မျက်နှာချက်လို့ ဟော့
ကြည့်မိသတဲ့..
အလို့



ဒီအဝါမျောတော့ အဖေတ်ကြီးရဲ့ မျက်နှာ ပျက်သွားပြီး အသက်ရှူ။ ရေပြန်လောက် ဖြစ်သွားသတဲ့...
ဟာ ဒုက္ခပဲ..
ဘာပို့လဲဆိုတော့... သူ့ခေါင်း အပေါက်တဉ်တဉ်ညှာမှာ.. အလွန် ထက်မြက်တဲ့ သံလျက်တောင် စားကို ဆဲချည်မျှင်နဲ့ ချိတ်ဆွဲ ထားတာကို...
ဘူးရေး.. ဘူးရေး... ဆံချည်မျှင်ဆိုတာ အသိုနိမ့်ရွေး ပြတ်ကျနိုင်တာပဲ.... စား ပြတ်ကျသာရင် ငါ.. အသိုနိမ့်ရွေး ထေနိုင်တာပဲ...
အင့်ဒီ.. ခေါင်းပေါ်က သံလျက်ကို တွေ့တဲ့ အသိုနိမ့်က စပြီး... အဖေတ်ကြီးဟာ.. တိုင်းနေရောက အလှည့်ကျ.. အဖေ အဖေ ပျောက်ပြီလဲ.. အဖေ့ မစားနိုင်တော့ဘူးတဲ့...
ဒုက္ခတော့ ပျောပြီ.. ဟင်...


မျက်နှာမှာဟယ်သည်း ချွေးသီး
ချွေးပေါက်တွေ ကျယ်ပြီး.. ဦးခံပဲ
ပြီးဖယ် အချိန်ကိုသာ မျှော်နေမိသတဲ့။။
ဦးခံပဲပြုန်ပြုန်
ပြီးပါစေ...ခင်ဗျားပေါက
သံယောဇဉ်ကြီးက ကြောက်
စရောပါပဲ.. ဟင်း..ဟင်း။။
ဦးခံပဲပြီးတာနဲ့ ဝန်ထမ်းဝန်ပို့းကို
လျော်ကျေ သွားသလို.. ပလွင်ပေါ်က
ပြေးဆင်းလာပြီး.. အသိဉာဏ် ပိုမို
ရတဲ့ အသွင် ဆောင်သွားသတဲ့။။
ငါကိုယ်တိုင်က
မှားတာ။။
ဒါနဲ့.. ဘဉ်ဇင်ကို အမေတက်ကြီး
လျှောက်တင်လိုက်တာက။။
အချင်ဘဉ်ရေး.. ဘဉ်ဇင်လူပါရေတာ
မဖကောင်းပါဘဉ်ရေး။။ သံယောဇဉ်တော်
ခင်ဗျား အထက်မှိုးလျှက် စံတော်
ချိုလျှင်.. အသက်ဝေါးနဲ့ နှိုးလို့
အသည်းထိပ်လှပါတယ်
ဘဉ်ရေ့။။


အဖတ်ကြီး.. ဒီအဝတ်ဒိုင်းဆိုင်ရှင် ဘုရင့်တော်ယောကျ်ားရဲ့.. မင်းစည်းစိမ်ကို ချီးကျူးဝံ့တော့မှာ မယုတ်ဘူး။။
ဘုရင်ယုပ်ရတဲ့ အကျိုးဟာ.. အဖြဲအသက်ဘေး အန္တရာယ်ကို နီးလွန်းတယ်.. အမှားယွင်း မခံဘူး။။
ဖွားရင်ယူသည်း.. အသက်ဖြုန်ဖြုန် တို့မှောပါ.. ဒါဟာ.ရှင်ဘုရင် တွေ့ရဲ့စည်းစိမ်တွေ အနက် တစ်ခုအပါအဝင်ပါပဲ အဖတ်ကြီး။။
ဘုရင်ကြီးလည်း ဖျတ်ထားပေတော့ဟို ဖြောက်ကြားပြီး.. အဖတ်ကြီးကို ဒဏ်ပြန် ပျတ်ပို့ကိုသတဲ့..ကွယ်။။

မောင်မူးနဲ့မောင်ရမ်း


ကာတွန်း - ဝင်းမောင်မောင်






သူတို့ကို ဘယ်သူမှ အပေါင်းအသင်း မလုပ်တော့ သူတို့အချင်းချင်းပဲ ပေါင်းဖြို့ သိပ်ချစ်တဲ့ သူငယ်ချင်းတွေ ဖြစ်လာတယ်။ သူတို့နှစ်ယောက်ကို ရွာထဲက ဘယ်အိမ်ကမှ လက်မခံတော့ ရွာနားမှာ ရှိတဲ့ ဇရပ်တွေမှာပဲ နေကြရတယ်။






ရွာနားမှာ သူတို့ မသွားဖဲ့ဇရပ် တစ်ဆောင်ရှိတယ် သတ်ပြီးထဲက ဇရပ်ပါ။





တစ်နေ့ ညနေမှာ မောင်ဖူးက
ထန်းရည်သောက်တာများသွားပြီး
ပါဆယ်
သည်းလုံး
ထပ်ပေးဦး
နော်..
ဂျာထဲကိုမပြန်
တော့ပဲ သင်္ချိုင်း
ထဲကဇရပ်ကို
ထန်းရည်ဘိုးတွေ
ယူပြီးရောက်
လာတယ်။
မောင်ရိပျိုးစ အချိန်မှာ
ဇရပ်ပေါ်ကို ရောက်ပြီး
သူ့မှာပါ လာတဲ့
ထန်းရည်ကို ကုန်အောင်
ဆက်သောက်တယ်။
ဒီလိုနဲ့
မောင်လာတဲ့
အချိန်မှာ သူလည်း
တော်တော် မူးး
နေပါရော....
ဒီအချိန်မှာသူဟာ သိပ်ရာဇင့်ကြီး
တက်ကြွနေတယ်။ အိပ်ချင်
စိတ်မရှိဘူး။
အခုနေ
ရေထဲတော့
ကြီးကွာမလေး
နဲ့တွေ့ရင်
သိပ်ကောင်း
မှာပဲ။
ညည်းသန်း ခေါင်နား
ရောက်တော့ သူငါနှစ်ယောက်
သုံးယောက် ရောက်လာမှီး



ဇရပ်ထဲကို
ဝင်သော်
တယ်။
ဟိုက်
သရဲတွေ
သရဲတွေက မောင်းထုတ်လိုသံသယ ဖော်ပြီးမှာ
သူက အတည်ပေါက်နဲ့ ဖြီးလိုက်တော့ "ယုံသွား
ကြတာပေါ့။
ဟေ့ သူ့ယောင်
ချွဲး တို့
နှိုးမင်းတို့ပဲ
နောက်ပြသလား
ဂါဝဲစောသလား
ကွ .. ဟာ
"လူ" အနံ့ ရ
တယ်ဟေ့၊ လူနိမ့်
တစ်ယောက် ရှိ
တယ်လို့ ငါထင်
တယ်။
အခြားသရဲ
တွေပါကျောက်
သာကြဖြီး
သူတို့ထဲက
တစ်ယောက်က


ငါတို့
ရေတွက်ကြည့်
ရင် သိန်းငါးဆယ်
...
"မောင်မျိုး" က
ချက်ချင်းဖတ်
တတ်ရုပ်ပြီး
အော်လိုက်တယ်
တစ်
နှစ်
သုံး
လေး
အားလုံး
ပျှံတယ်
အားလုံး
ပျှံတယ်
သရဲတွေက သူ့ကိုယ်ကြည်
ကြတယ်။ ပြန်ထိုင်ပြီး အကြောင်း
အရာစုံတဲ့စကား တွေ ပြောကြတယ်
(ဖျစ်)
ဘုတ် ထဲမှာ
ထည့်ထိုက်
တယ်ကွာ


ဆင်ဖျားတို့
အားလုံးသိကြ
ရဲလား
...
ကောင်ကျားတဲ့. သရဲတစ်ယောက်က
ဖြောတယ်။
စကားဖြော
တဲ့သရဲ
ထိုင်တဲ့နေရာ
ကိုမောင်ဖုံး
ကသေချာ
ဖွစ်ထားလိုက်
တယ်။
သရဲတွေက အာရုဏ်တက်ချိန် တိုင်အောင်
စကားဆက်ဖြောကြမြီး ပြန်ထွက်သွား
ကြတယ်။
ဟောဒီ
ည၂နာရီတော်တိုင်တဲ့
နေရာရဲ့အောက်ခြေ
ရွှေအိုးခွန်စုံလုံး
ဖြည့်ထားတယ်။
တစ်ကယ်



သူက အိမ်ကစ်လုံးဝယ်ဖြို့ သူ့ သူငယ်ချင်း ဘိန်းစား မောင်မြေနဲ့ အတူတူ စည်း စိမ်ရှိရှိနေတိုင်းတယ်။
သူငယ်ချင်း အတွက် ကျွတ်ဆဲက ဘယ်ကောင်မလေး ကိုတောင်း ပေး ရမလဲ
အေးဆေး နေပါရစေဦး မောင်ဖျဲ့ ရဲ့
မောင်ဖျဲ့ က ရွှေအိုးတွေ ကို တူးယူ ပြီး ချမ်းသာ သွားတယ်။
ချမ်း ချမ်းသာသာ နေရပေမယ့်လည်း မောင်မြေးက သိပ် မကျေနပ်ဘူး။
သူကလည်း ရွှေအိုး ခုနှစ်လုံးကို လိုချင်သတဲ့။ ဒါနဲ့ သူ့ သံသူငယ်ချင်းမောင်ဖျဲ့ကို ဂုတနာအိုးတွေ ရတဲ့ လျှို့ဝှက်ချက် ကိုမေးတယ်။
သူငယ်ချင်း ရဲ့ ငါ့ကိုမှ ဖောမမြင်ရင် မင်း ဘယ်သူ့ကို ဖြောပြာလဲ..



ဇရပ်ကိုသူကြောက်သွား
ပေမယ့်သူက ဘိန်းမူးဖြစ်
အိပ်ပျော်နေတယ်။
မောင်မူး ပြောတဲ့.
ဇာတ်လမ်းကိုနားထောင်
ပြီးတော့ မောင်မွေးက ဒီည
သခ်ျိုင်း ဇရပ်ကိုသွားဖို့
ဆုံးဖြတ် လိုက်တယ်
ဒါ သွားမယ်
သူငယ်ချင်း
သရဲတွေဝင်လာချိန်မှာ
သူက ဘိုးတစ်ဝက်ဘီယာ
တစ်ဝက် ဖြစ်နေလို့။



သရဲတွေက သူ့ကိုသံသယနဲ့ကြည့်ကြတယ် ။ ။ ။ ။ ။
အခြားသရဲတွေလည်း ဝင်လာလိုက်တာ ဇာတ်အိမ်ည့် ပဲ သရဲတစ်ယောက်က လျှို့ရှုနေတယ်ဟို့ သူ့ကိုမသိက်ဘူး ။
နောက်သရဲတစ်ယောက်က ရွှေအိုးတွေပျောက်သွားတာကိုသတိပဲးတယ်၊
ရေဟက်ကို လူဖိုးတွေလာနေတယ်ဟေ့ ။ ။ ။
လျှို့ရှုနေတယ်ဟေ့
တတိယသရဲတစ်ယောက်က လျှို့ရှုတဲ့ကြည့်တယ် ။
နှစ်
သုံး
လေး
တစ်
ငါး


မောင်မြေးက သူ့ကို
ရှာဖွေဘေးအောင်ဘာမှ
မလုပ်ပဲအိပ်ချင်ယောင်
ဆောင်နေလိုက်တယ်။
တစ်ယောက်
ပိုနေတယ်
ဟေ့
သရဲရေနေတဲ့.
သူက ဖြိုးသွားတဲ့
အခါတစ်ယောက်
ပိုနေတာနဲ့.
မောင်မြေးကို
သံသယရှိနေတဲ့.
သရဲကသူ့ကို
ဖမ်းချုပ်လိုက်တယ်
ဟုတ်တယ်
ဟေ့ ဒီကောင်
သရဲမဟုတ်
ဘူး "လူကွဲ"
ဒီကောင့်
ကိုငါမသတ်ကာ
ဘူး။
ချက်စား
လိုက်ကွာ
ကြာတယ်။
ဇနဒီး ...
ဒီကောင့်နှာခေါင်းကို
ရှည်အောင်လုပ်
ပေးလိုက်
မယ်


သရဲတွေက မောင်မြေး ရဲနှာခေါင်းကို တစ်ကိုက်လောက် ရှည်အောင်ဆွဲထုတ်လိုက်ကြတယ်...
ဖြီးတော့ သရဲတွေအားလုံး အုပ်စုခွဲပြီး ဖြန့်ကျက်ကြတယ်...
နောက်တစ်နေ့မနက်မှာ မောင်မျိုးက မောင်မြေးကို တွဲပြီး အိမ်ပြန်ခေါ်ခဲ့တယ်၊
မောင်မြေးကိုတွေ့လို့ ဂျပါလေရော...
ရွာသားတွေက ရှည်တွက်နေတဲ့ မောင်မြေး ရဲနှာခေါင်းကို ဖြည့်ပြီး ရယ်ကြတယ်။


မောင်ရှုး
က ဖြော
လိုက်တယ်
ဇရပ်ကို "ဒိုည"
ငါသွားဖြိုးမှောင်းမှာ
ဓါးကိုအရှင်လို
ဖြစ်အောင်ဘယ်လို
လုပ်ရမလဲဆိုတာ
အဖြေရှာမယ်...
ညကျောက်တော့ သခ်ျိုင်းကြီးကို မောင်ရှုး သွားတယ်
ဓသွားခင် ထန်းရည်အိုးတွေ အများကြီး သောက်သွားတယ်။
သရဲနှစ်ယောက်
သုံးယောက်
ဝင်လာတဲ့
အတွက် စောင့်
ဖြိုးသူကဖြော
လိုက်တယ်
ဟေ့ သူငယ်ချင်း
တို့၊ လူသားတစ်
ယောက် ရောက်လာ
ဓလားလို့ မျှော်လင့်
ဖြိုး ငါ အစောကြီးလာ
ခဲ့တာ
သရဲတွေက ရယ်ဖြိုးသူကို
သံသယ မရှိ ကြဘူး။


သတိရှိနေတဲ့ မောင်မျဉ်းက ဝမ်းဗိုက်...
တစ်
နှစ်
လေး
သုံး
အားလုံး
ပြန်တယ်
အားလုံး
ပြန်တယ်
အဖိုး
အလိုးခံရှိ
ကွက်တိ
သရဲတွေ
အားလုံးခဲ့တော့
သရဲတစ်ယောက်
က၊ သူလွတ်ရ
နေလို့ ဦးရေ
စစ ဖို့ပြော
သ တဲ့
ဝေ့
လျှောက်ရတယ်
နော်၊ ရေတွက်
တာ ဦး။
သရဲတွေ
စိတ်ချလက်
ချဖြစ်သွား
ချိန်မှာ ...
ဖြူးခဲ့တဲ့ ညက
လူစိမ်းကို နှာခေါင်း
ရှည်အောင်လုပ်ရတာ
အတော်ပျော်စရာကောင်း
တယ်လေ၊ ဒီနှာခေါင်းက
သူ့နှာကိုအတိုင်း ပြန်ဖြစ်
ပါ့မလား
ပညာရှိ ပုံပေါ်
တဲ့ သရဲက
ထပြောတယ်။
နှာခေါင်း ထိပ်ကိုကျည
ဖွေး နဲ့ထိပေးရင် လက်မဝက်
တိုသွားမယ် အကြိမ်ကြိမ်
လုပ်ပေးရင် နှာဂိုဒ္ဓါယ်
ရောက်သွား မယ်။


အာချက်ကျင်းလို့ သင်္ခါတွေပြန်သွားတော့ မှ မောင်မျိုးက သူ့သူငယ်ချင်းဆီပြန်လာပြီး ဝမ်းသာစကား သတင်းကိုပြောတယ်။
မောင်ဗြဲရေ... ဖင်းနှာခေါင်းနဲ့ကို အတိုင်းဖြစ်တော့မယ်
ဟော်ဒီကျည်ဖဲ့နဲ့ နှာခေါင်းကို တိုးပေတော့
ဗြဲ
မောင်ဗြဲက နှာခေါင်းကို ကျည်ဖဲ့နဲ့ တိုလိုက်တာ နဲကိုထက် တိုသွားတယ်... ဒါပေမယ့် နောက်ဆုံးမှာ သူ့နဲကို အရွယ်ကိုဖြန့်ရသွားပါတယ်....
ဗြဲ့
ဒီပုံပြင်ထဲက မောင်မျိုးရဲ့ ထက်ဖြက်တက်ကြွမှုကို အတုယူစေချင်ပါတယ်။ မျိုးတာကတော့ ယကောင်းတာထို့ကလေးတို့ အတုယူကြပါနဲ့။"
ဝင်း ၃
မောင် ၀
မောင် 13
ကလေးရုပ်ရှင်စုံစာစောင် ပုံပြင်ကမ္ဘာ

မေတ္တာစေကျွန် . . .သစ္စာဝန်ထမ်း

ခွန်းချိုသံသာ



တောကျေးလက်က တို့မျိုးမြန်မာ အမျိုးအဆွေတွေ ရဲ့နေ့စဉ်ဘဝမှာ “ဘုရား၊ တရား၊ သံဃာ” ရတနာမြတ်သုံးပါးနဲ့အတူ လေးလေးမြတ်မြတ် ကိုင်းရှိုင်းရိုသေကြရတဲ့ ပုဂ္ဂိုလ်သုံးဦးလေရဲ့။ အိမ်တိုင်းအိမ်တိုင်းရဲ့အိမ်တွင်းရေးသာယာစေဖို့ မိသားစုဝင် အချင်းချင်း ချစ်ခင်စည်းလုံးဖို့၊ အနာရောဂါ ကိုယ်တွင်းကိုယ်ပကင်းရှင်းကြဖို့ စတာတွေကို အိမ်တွင်းနတ်ဖြစ်တဲ့ “မင်းမဟာဂီရိ” နတ်မောင်နှမက စောင့်ရှောက်ပေးသတဲ့။ ပန်းပဲမောင်တင့်တယ်နဲ့ သူနှမမယ်ခွေးဖြူတို့ကို ညွှန်းတာပ။ ငှက်ပျော်ပွဲ၊ အုန်းပွဲ၊ လက်ဖက်၊

ကွမ်းယာ မီးလွတ်အဟာရများနဲ့ တင်မြောက်ပသ ကြရတယ်။ အဲ . . မြို့ရွာ၊ နယ်ပယ်အေးချမ်းသာယာဖို့၊ လုံခြုံအေးချမ်းဖို့ကိုတော့ဖြင့် မြို့တော်ရှင် နယ်တော်ရှင် "ကိုးမြို့ရှင်" အဖေကြီးနတ်က ကြပ်မတ်ထိန်းသိမ်းပေးထားသတဲ့။ သီတင်းဝါလဝင်တဲ့ အခါတိုင်း ကျွတ်တဲ့အခါတိုင်း ငှက်ပျောစုံ၊ အုန်းစုံကန်တော့ပွဲ ဆီမီး၊ နံ့သာတွေနဲ့ ပူဇော်ပသကြရမြဲထုံးစံ။ ဟော . . . နိစ္စဓူဝ လုပ်စီးပွား ကိုင်စီးပွား လုပ်ငန်းကိုင်ငန်းများ သာယာအဆင်ပြေစေဖို့ကိုတော့ "ကိုကြီးကျော်" ၊ "ဦးမင်းကျော်"၊ ပခန်းမင်းကျော်စွာ လို့ သုံးမည်ရတဲ့ နတ်ပျော်နတ်ရွှင် နတ်ယမကာလုလင်ကြီးက မစသတဲ့လို့ ဆိုတယ်ကိုး။

"သောင်းအသပြာငွေများရယ်နှင့် လောင်းစရာ ဖေမရှားပါဘူး ကြက်ကျားကိုတဲ့ တိုက်မယ်ပြင် ခန်းကျော့နတ်ရှင် တိုက်မယ်ဟန်ပြင် ယဉ်လေတဲ့ သက်ထားကြက်ဖောင်းကြံ ရန်ဖုံကြွယ်ကရယ် မိုးနယ်ထိကြွား" နတ်ဒိုးသံ နတ်ဆိုင်းသံ ဗေထီဗေထီနဲ့ ကိုကြီး ကျော်ကိုအရက်ဆက် ကြက်ဆက်ရင်း စီးပွား တက်အောင် ပျော်ကြောင်းရှာနေကြတာတွေဟာ



အခုအခါမှာအညာ အကြေအရပ် တွေတွင်မကတော့ ဘဲ တစ်ပြည်လုံး အုန်းအုန်းခြိမ့်ခြိမ့်ကို ညံလို့။

အဲဒီနတ်သုံးပါး အနက်က ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံး အမ သာသနာတော်နဲ့ ဘာမျှမဆိုင်တဲ့ လောကီနတ် တို့ရဲ့အစဟာ မင်းမဟာဂီရိ နတ်မောင်နမပဲတဲ့။ အေဒီ (၈)ရာစု လောက်က ပုဂံမှာနတ်သမိုင်းစခဲ့ တယ်။ အဲ . . အဲဒီနောက် ဒုတိယအသုတ် နတ်အရင်း ဝင်ခဲ့ကြတာက ဟော့ဒီကိုးမြို့ရှင် အဖေကြီးနဲ့ ဖိုးငနဲ ဦးမင်းကျော်တို့ပါပဲ။ သူတို့နှစ်ဦးရဲ့ဇာတ်လမ်းလေးက လည်း အဆန်းသား။ လွမ်းလောက် ချင့်စရာ၊ ကြေကွဲ ချင်စရာ။ အခု . . အဲဒီ မေတ္တာစေကျွန်နဲ့သစ္စာဝန်ထမ်း နှစ်တို့ရဲ့ ပုံပြင်ကလေးကို ပြောပြမယ်။ ဒီလို . . .

မြန်မာသက္ကရာဇ်၉၆ (အေဒီ ၇၃၄ ခုနှစ်) လောက် ကပုဂံပြည်ရဲ့အောက်ပြည်တစ်ဖက်ကမ်းပန်းတောင်း ပြည်မှာ ဘုရင်မင်းစည်သူနဲ့ မိဖုရားကြီးကူနီဒေဝီတို့ စိုးစံခဲ့ကြ သတဲ့။ အဲဒီခေတ်တုန်းက မြို့ပြနိုင်ငံခေတ် ဆိုလေတော့ မြို့တစ်မြို့ တစ်နိုင်ငံ ဘုရင်တစ်ပါး အုပ် ချုပ်ခဲ့ကြတာမို့ အခုသက်သာ ပန်းတောင်းမြို့ဟာ အဲဒီအချိန်က ဘုရင့်နေပြည်တော်ကြီး ဖြစ်ခဲ့ဖူးတာ ပေါ့။ သတို့မှာ သားတော် အိမ်ရှေ့မင်း ကိုးမြို့ရှင်နဲ့ သမီး တော် ပုလဲယဉ်တို့ မွေးဖွားခဲ့ကြတယ်။ ကိုးမြို့ရှင်လို့ ဆိုရတာက စောဘွားကိုးမြို့ရှမ်း ကိုးမြို့ ကားယားကိုး မြို့ ကရင်ကိုးမြို့ကို အပိုင်းစားရတဲ့အပြင်ကိုးကြောင်း လက်ံလို့ခေါ်တဲ့ မြန်မာ့ရိုးရာသခ္ခါအတွက်အချက် အတတ်ပညာကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တတ် မြောက်လွန်းလို့တဲ့။

ဘုရင်ကြီးမှာ သက်တော်ရှည်အမတ်ကြီး ဗလ ကျော်ထင်ဆိုတာရှိတယ်။ နှလုံးရည်၊ လက်ရုံးရည်နဲ့ ပြည်စုံလို့ ဘုရင်ကြီးက အထူးအားထားရတဲ့သူပေါ့။ သူဖခင် လက်ထက်ကတည်းက မင်းမှုထမ်းခဲ့တဲ့

ပုဂ္ဂိုလ်ကြီးပါ။ ဘုရင်ကြီးက အထူးအရေးပေးတော်မူတယ်။ အဲဒီ သက်တော်ရှည်အမတ်ကြီး ကွယ်လွန်တဲ့အခါ သူ့ရဲ့သားမင်းကျော်စွာ ကိုသားတော်ကြီးတစ်ပါးအရာ သတိုးဘွဲ့" ချီးမြှင့်လို့ အနီးနေလွှတ်တော်တက်ဝန်ကြီး တစ်ပါးအဖြစ် မြှောက်စားထားခဲ့သတဲ့။ ဘုရင့်မြင်းသည်တော်တပ်မှာ မြင်းရည်တက်မြင်းသည်ကျော်ဗိုလ်မှူးကလေးတစ်ဦး ဖြစ်တဲ့ မင်းကျော်စွာဟာ အရှင်မွေးနေ့ချင်းကြီး ဆိုသလို ဘုရင့်အပါးတော်မြဲ ဝန်ကြီးမှူးကြီးသားတော်ကြီး တစ်ပါးအရာ ဖြစ်လာခဲ့တော့တာပေါ့။

ဒါပေမဲ့ ခက်နေလိုက်ပုံက နဂိုကမှ ရွှေနန်းတော်အပြင်အဝေးက မမှီမကမ်းမျှော်ငေးပြီး ဘုရင့်သမီးတော်ပုလဲယဉ်ကို တိတ်တခိုးစုံမက်မြတ်နိုး နေခဲ့ရတဲ့ မင်းကျော်စွာ ဟာ နန်းရင်ပြင်တမိုးတယံထဲအောက်မှာ မျက်စိတစ် ကမ်းတွင်းပဲ လှအားပိုလွန်းနေတဲ့ ပင်တိုင်စံထိပ်ထားကို နေ့စဉ်နေတိုင်း မြင်ရတွေ့ရဖန်များလာတော့အရူးအမူးချစ်နေမိတော့တယ်တဲ့။

အဲသလိုသာ ချစ်အုံ့ပူန်းအဖြစ် အချစ်ဝေဒနာတွေသည်းထန်နေပေတဲ့ကိုယ်တိုင်ကမဟာဆီမဟာသွေးတော်ဝင်အန္တယ်တော်ထဲက မဟုတ်တဲ့အပြင် ဘုရင်ကြီးက သားတော်ကြီးအရာ မြှောက်စားထားတဲ့ လက်သပ် မွေးကျွန်ယုံကျွန်ရင်းသာ ဖြစ်နေပြန်လေတော့ အမြင်နီး ခရီးဝေးတဲ့ တောင်ဆိုသလို သမီးတော်ကလေး ပုလဲယဉ်နဲ့ သူ့ဘဝဟာ နီးရက်နဲ့ဝေးနေခဲ့သပေါ့။ မင်းကျော်စွာဟာ သူရဲရဲရင့်ထဲ တငွေ့ငွေ့တမြေ့မြေ့တောက်နေတဲ့ အချစ်မီးကို ငြိမ်းဖို့လမ်းရွေးမှားခဲ့ရှာတယ်။ သူရဲ့အိမ်တော်ဝန် ငညိုကသောက်သောက်စားစားမိန်းမမူပွေတဲ့နေရာမှာလည်း ဒိတ်ပဲ။ ကျွဲတိုက်၊ နွားတိုက်၊ ကြက်တိုက်တဲ့ အလောင်းအစား အပျော်အပါးမျိုးစုံကို ဝါသနာထုံလိုက်ပုံကလည်း လက်လန်။ ကဲ...အချစ်ဆိပ်သင့်ပြီး ဝေလေလေဂလေရိုက်နေတဲ့ မင်းပျိုမင်းလွင် ကလေမင်း ကျော်စွာကို အဲဒီ လောကီအာရုံကာမဂုဏ်တွေထဲ ဆွဲနှစ်ပစ်လိုက်ရတာများ ဘာခက်တာမှတ်လို့။

ဘုရင့်မွေးစားသား လွှတ်တက်ဝန်ကြီး တစ်ပါးဖြစ်တဲ့ မင်းကျော်စွာဟာ နိစ္စရူဝအရက်သောက်၊ ကြက်တိုက်၊ ကြေးစားမိန်းမသူတွေနဲ့ ပျော်ပါးစသဖြင့် လုံးခြာလည် လိုက်နေလိုက်တာဟာဖြင့် ဒေါင်ချာကို စိုင်းနေပါကရော။ သူ့အဖေသက်တော်ရှည်အမတ်ကြီးရဲ့ဂုဏ်သတင်းနဲ့မွေးစားဖခင် ဘုရင်ကြီးရဲ့ ရာဇဝင်ဂုဏ်ကြောင့် သာမဟုတ်ခဲ့ရင် မင်းကျော်စွာဆိုတာ ရပ်ထဲရွာထဲက ဟော့ဟော့ရမ်းရမ်း လူပေါက်ပန်းတွေနဲ့ ဘာထူးသေးလို့တုန်း။ ပြည်သူ လူထုအော့ကြောလန်ဖြစ်မှန်းမသိဖြစ်လာခဲ့သတဲ့။ ဘုရင်ကြီးကလည်းသွားလေသူ ဖခင်အမတ်ကြီးရဲ့ကျေးဇူးကို ထောက်ပြီး ဒီအတိုင်း ကြည့်နေရပေတဲ့ ယုံကြည်အားကိုးမှုတွေဖြင့် မရှိသလောက်နီးနီးကို လျှော့ကျသွားတော့တာပေါ့။

အဲဒီကာလမှာပဲ ဘုရင်ကြီးမင်းစည်သူရဲ့ ရာဇမဟာမိတ်သစ္စာတော် ကျေးဇူးတော်ခံမိုင်းပြင်စော်ဘွားစောခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စောသီဟက အကြောင်းမဲ့ရန်ပြုပြီး ဝင်တိုက်သတဲ့။ စောခွန်ကြည်က အထောက်တော် မြင်းသည်ကျော်စေပြီး စစ်ကူတောင်းတဲ့ အတွက် ကျူးကျော်သူ ကျိုင်းတောင်းစော်ဘွားကို နှိမ်းနင်းဖို့ သားတော်ကြီး အိမ်းရှေ့မင်း ကိုးမြို့ရှင်နဲ့ မြင်းသည်တော် ၃၀၀၀ ပါတဲ့ မြင်းတပ်၊ တပ်မှူးကြီး မင်းကျော် စွာတို့ကို စေလွှတ်ပေးလိုက်တယ်။ တောအထပ်ထပ်တောင် အသွယ်သွယ်ကို အပြင်းချီပြီး ကျူးကျော်သူ ကျိုင်းတောင်းစော်ဘွားရဲ့ တပ်တွေကို ဖိဖိစီးစီး တိုက်ခိုက်

နှိမ်နင်းနိုင်ခဲ့လို့ သူပုန်သူကန်တွေရဲ့ ရန်ကအေးငြိမ်းသွားခဲ့ပါရဲ့။ နို့ပေတဲ့ ကံဆိုးရှာတဲ့ မိုင်းပြင်းစော်ဘွားနဲ့ မဟာဒေဝီကြီးတို့ခမျာ ကျိုင်းတောင်းစော်ဘွားက ကွပ် မျက်လို့ဆုံးပါးခံရရှာပြီတဲ့လေ။ စောခွန်ကြည်ရဲ့ အရွယ်မရောက်ကြသေးတဲ့ လူမမယ်သားကလေး ခွန်းချိုသံသာတို့ နှစ်ယောက်ကိုပဲ ကယ်တင်နိုင်ခဲ့တော့တယ်။ မိုင်းပြင်ကို သင့်တော်တဲ့ နယ်စားတွေနဲ့ အုပ်ချုပ်ဖို့ နေထားတကျလွှဲအပ်ထားခဲ့ပြီးတဲ့ နောက် ကိုးမြို့ရှင်နဲ့ မင်းကျော်စွာတို့က မြို့တော်ကြီးဆီ တပ်တော်ကြီး ပြန်ချီလာစေခဲ့တယ်။ ခွန်ချို၊ ခွန်သာကလေးငယ်နှစ်ဦးကိုလည်း သူတို့နဲ့အတူ ခေါ်လာခဲ့ကြသတဲ့။

တကယ်တမ်းကတော့ ဘုရင်ကြီးက ခွန်ချိုနဲ့ခွန်သာကို အိမ်ရှေ့မင်းကိုးမြို့ရှင်နဲ့ စစ်သူကြီးမင်းကျော်စွာတို့ကို တစ်ယောက်စီ အပ်နှံပြီးကြီးပြင်း အရွယ်ရောက်သည်အထိ လူတစ်လုံးသူတစ်လုံးဖြစ်အောင် စောင့်ရှောက်စေဖို့ စီမံပေးသင့်တာပေါ့။ နို့ပေတဲ့ ဘုရင်ကြီးက ဒီလိုစဉ်းစားတယ်။

အင်း အချိန်ရှိသရွေ့ နေ့နေ့ညည သောက်စားမူးယစ်ပြီး ကြက်တိုက်၊ မိန်းမပျက်တွေနဲ့လုံးထွေးရစ်ပတ်ဖြစ် နေ။ တီးလိုက်ကြ မှုတ်လိုက်ကြ၊ ကကြ ခုန်ကြနဲ့ ပျော်ပါးမြူးတူးရင်း ကောင်းမှုကုသိုလ်တရားတွေကို မေ့လျော့နေတဲ့ ယစ်ထုပ်ကြီး မင်းကျော်စွာလက်ထဲကိုအပ်လိုက် မိတဲ့ကလေးဟာဖြင့် ဘယ်လိုမှ လူရည်လူရောင်ပြောင် လာစရာ အကြောင်းမမြင်ဘူး။ဖွတ်သတဲ့ဉာစ်ပြီးလူပေလူတေလူသော့လူသွမ်းလူရမ်းကားကလေးပဲဖြစ်လာ လိမ့်မယ်။ အဲဒါဆိုရင် သွားရှာလေသူ ငါ့ရဲ့ ရောင်းရင်ကြီးစောခွန်ကြည်တို့ မောင်နှံလည်း တမလွန်မှာ စိတ်ဖြောင့် ဖြောင့် ဘဝကူးနိုင်ကြမယ်မဟုတ်ဘူး။ အေးလေ အဆွေခင်ပွန်းကောင်းတို့ ဝတ္တရားရှိတဲ့အတိုင်း လက်ရုံးရည်ရောနှလုံးရည်ပါကုံလုံတဲ့အမျိုးအနွယ်စောင့်ရှမ်းစော်ဘွားကလေးတွေ ဖြစ်လာစေဖို့ ဒီကလေးနှစ်ယောက်ကိုငါ့သားတော်ကြီးအိမ်ရှေ့မင်းကိုးမြို့ရှင်နဲ့ သမီးတော်ပုလဲယဉ်တို့ကိုပဲ သားအမှတ်နဲ့ မွေးစားစေတာက အသင့်လျော်ဆုံးဖြစ်ပေလိမ့်မယ်။ ဒီလိုနဲ့ ဘုရင်ကြီးဟာ ခွန်ချို၊ ခွန်သာတို့ကိုဘဝလမ်းကြောင်းဖြောင့်ဖြူးအောင် စီမံပေးခဲ့လေရဲ့။

ဒါပေမဲ့ စစ်မက်အရေးမှာ စွမ်းစွမ်းတမံ ဂုဏ်ကြီးဆောင်ခဲ့တဲ့ မင်းကျော်စွာကိုလည်း စိတ်နှလုံး အေးအေး ညောင်းညောင်း ရှိရလေအောင် ဟာဆုကြီးလာဘ်ကြီးတွေချီးမြှင့်လို့ ပခန်းမြို့ပခန်းနယ်ကိုလည်း အပိုင်းစားပေးတော်မူခဲ့တယ်။ အဲဒီကစပြီ ပုခန်းမြို့စားမင်းကျော်စွာ၊ ပုခန်းမင်းကြီး ဦးမင်းကျော် ရယ်လို့ နာမည်ကျော်၊ နာမည်ကြီးလာခဲ့ပြန်ပါရော။ တပည့်လက်သားတွေအပေါ် သံယောဇဉ်ကြီးပြီး လက်အောက် မင်းမှုထမ်းတွေနဲ့တောင် ဒူးတင်ပေါင်တင် ပွန်းပွန်းတီးတီးနေတတ်တဲ့မင်း ကျော်စွာကို သူ့ကွယ်ရာမှာ သူလူတွေက ကိုကြီးကျော် လို့ ခေါ်ကြသတဲ့။ အဲဒီလိုနဲ့ အပျော်အပါး လောင်းကစားမက်တဲ့ လူတွေရဲ့ အသိုင်းအဝိုင်းမှာ ပခန်းမင်းကျော်စွာဟာ နာမည်



တစ်လုံး ရလာပြီး ခစား ဆည်းကပ်တဲ့ သူတွေ ဝိုင်းဝိုင်း လည်အောင် ပေါ်လှချည့်ဆိုပဲ။

မင်းကျော်စွာရဲ့ ရင်ထဲမှာ ခွန်ချို၊ ခွန်သာကလေး နှစ်ယောက်ရဲ့ကိစ္စကိုလုံးဝမကျေလည်နိုင်ဘူး ဖြစ်နေတယ်။ စလုံးစခုကြီး။ ဘယ်လိုတွေးတွေး သူ့အပေါ်မှာ မဟာနွယ်သာကီသွေးမဟုတ်လို့သာလျှင် လူရာသွင်းပြီး မိုင်းပြင်စော်ဘွားရဲ့ ကလေးတွေကို မွေးစားဖို့ တာဝန်မပေးတာ။ သူရဲ့လက်ရုံးရည် စွမ်းပကား ကြောင့်သာ ဥပါယ်တံမျည်းနဲ့ သားတော်ကြီးအရာ ထားပြီး မြှောက်စားထားတယ်ဆိုပေတဲ့ တကယ့် တကယ် အရေးကျတော့ သူ့ကိုအရေးမထားဘူးလို့ တွေးမိပြီးသံသယမီးတွေ တင်ငွေ့ငွေ့လောင်မြိုက်လို့ တဲ့။ အဲဒီကနေမှ အငြိုးအတေးတွေဖွဲ့လို့ မကြံကောင်း မစည်ရာတွေကို ကြံစည်လာမိပါရောတဲ့။ ဒီလိုလေ ဘုရင်ကြီး မင်းစည်သူရဲ့ထီးနန်စည်းစိမ်ကို လုပ်ကြံလု ယူပြီး အိမ်ရှေ့မင်းကိုးမြို့ရှင်ကိုကွပ်မျက်သူတိတ်တခိုး ချစ်သူ ပုလဲယဉ်ကလေးကိုတော့ တောင်ညာစံဒေဝီ အရာထားလို့ သိမ်းပိုက်တော် မူလိုက်မယ်ပ။ ဒေါသ ကြောင့်ဖြစ်ရတဲ့ မိုက်မဲမှုတွေပေါ့လေ။ သူတထူးရဲ့ တင်ရိုးဖူးတဲ့ကျေးဇူးကို လွယ်လွယ်မေ့ပစ်တတ်တဲ့သူ များဟုအဲသလို မိုက်မိုက်မဲမဲ တွေလိုမျိုးကို တွေးတ တ်ကြံစည်တတ်တဲ့သဘာဝရှိပေတာကိုး။

အဲသလို မကောင်းဘက်နဲ့ ထီးနန်းကို လုပ်ကြံဖို့ အခွင့်ကောင်းစောင့်နေရင်းနဲ့ အခါမသင့်တာမို့ ခုနစ် နှစ်တောင် တိုင်ခဲ့ပါလေရော။ သူ့အကြံမအောင်မြင် ခဲ့ဘူး။ ခွန်ချို၊ ခွန်သာတို့ကလည်း တဖြည်းဖြည်း အရွယ်ရောက် လာခဲ့ကြသတဲ့။ ဒီကလေးတွေ လူလားမြောက်ပြီး လောက်လောက်လားလားကြီး တွေ ဖြစ်လာလေလေ သူ့ ရဲ့ နန်းလုဖို့ အကြံတော် မဟာကြီးဟာ ခက်ခဲလေဖြစ်လာ တော့မယ်ဆိုတာကို မင်းကျော်စွာ တစ်ဖြစ်လဲ ပခန်းဦးမင်းကျော်က ရိပ်မိ နေတယ်။ အဲသည်တော့ သူဇာတ်လမ်းကို စောစော စီးစီးလေသူတွက် အရေးအခွင့်သာလေလို့လည်းသူက တွက်တယ်။

ဒါကြောင့် တစ်ဖက်လှည့်ပရိယာယ်မာယာသုံးပြီး သူနောက်လိုက်ငယ်သားအချို့ကို ရှမ်းနယ်ရှမ်းရွာ အစွန်အဖျားဒေသတွေမှာ ဆူပူးသောင်းကျန်မှုတွေ သူပုန်သူ ကန်တွေ ထလာသယောင် ဖန်တီးစေခဲ့ တယ်။ ပြီးတော့မှသူက ဘုရင်ကြီးကို ဒီလိုလျှောက် သတဲ့။

"မှန်လှပါ ရှမ်းပြည်ရှမ်းနယ် အစွန်အဖျားက သူပုန် သူကန်များကို သုတ်သင်နှိမ်နင်းဖို့ အတွက် မြေးတော် ခွန်ချို၊ ခွန်သာညီနောင်ကို စေလွှတ်သင့် ကြောင်းပါ။ သူတို့ဖခင်ရဲ့ အရိုက်အရာဖြစ်တဲ့ မိုင်းပြင် စော်ဘွားနေရာ နဲ့ စော်ဘွားဟောင်းစောသီဟရဲ့ အရို က်အရာကျိုင်းတောင်းစော်ဘွားနေရာများဟာလည်း လစ်လပ်နေဆဲဖြစ်တာမို့ သူပုန်ရန်ဘေးငြိမ်းအေးလို့ သုံးနှစ်သုံးမိုးတိုင် ရပ်ရွာစည်ပင် ဝပြောအောင် ကွပ် ညှပ်နိုင်ခဲ့ရင် သူတို့ညီနောင်နှစ်ဦး ကိုပဲ စော်ဘွားစော်ခံ အဖြစ်အပ်နှင်းချီးမြှောက်သင့်ကြောင်းပါ ဘုရား"

အဲဒီ အကြံပေးစကားကို ဘုရင်ကြီးက သိပ် သဘောကျသတဲ့။ မင်းကျော်စွာရဲ့ ကောက်ကျစ် စဉ်းလဲတဲ့ အကြံ ကိုသာ မသိခဲ့ရင် အပေါ်ယံအပြင်ပန်း က ကြည့်လို့က တော့ သိပ်လှတဲ့ သိပ်ရာဇပရိယာယ် ကြွယ်တဲ့ လျှောက် တင်ချက် ဖြစ်နေတယ်ကိုး။ ဘာမျှ မသိတဲ့ အခြားသော မှူးကြီးမတ်ကြီးတွေကလည်း ဝိုင်းဝန်း တင်လျှောက်ကြလေတော့ ဘုရင်ကြီး ကလည်း ခွန်ချို၊ ခွန်သာတို့ကို စစ် တစ်ကြောင်းစီမှာ အကြီးအမှူးခန့်ပြီး သူပုန်ရန်နှိမ်နင်းဖို့လွှတ်လိုက် တော့တယ်။

ဘာကြောမှာတုန်း ခွန်ချို၊ ခွန်သာတို့ ရှမ်းပြည်နယ်ထဲကိုကူးဝင်မိကြတယ်ဆိုရင်ပဲညတစ်ညသန်းခေါင်းယံမှာ ရွှေနန်းတော်ကြီးကို ဝင်စီးပြီးသိမ်းပိုက်လိုက်ကြသတဲ့။ သူ့ကျေးဇူးရှင်ဘုရင်ကြီးနဲ့ မိဖုရားကြီးကိုလည်း ရက်ရက်စက်စက် ကွပ်မျက်ပစ်လိုက်လေရဲ့။ နို့ပေတဲ့အိမ်ရှေ့စံကိုးမြို့ရှင်ကိုယ်တော်ကြီးနဲ့မင်းသမီးပုလဲယဉ်ထိပ်ထားလေး တို့ကိုတော့ ဖမ်းမမိခဲ့ကြပါဘူး။ မင်းကျော်စွာတို့ နန်းတော်ကြီးကို လုပ်ကြံနေကြတုန်းမှာ အိမ်ရှေ့ကိုယ်တော်ကြီးက နှမတော်ကလေးကို ထမ်းပြီးထွက်ပြေးခဲ့တာကိုး။ ဆင်းရဲသားများရဲ့ အဝတ်အစားတွေကို လဲလှယ်ဝတ်ဆင်ပြီး ရွှေနန်းတော်ကြီးနဲ့ဝေးရာတောကျေးလက်ဆီ ရှောင်တိမ်းထွက်ခွာခဲ့ကြတယ်.. တဲ့။ ရှေးက ကျေးဇူးရှိခဲ့ဖူးခဲ့တဲ့ ကျောက်ထပ်ရွာသူဌေးကြီး ဘိုးသာမြတ်ရဲ့ စောင့်ရှောက်မှုနဲ့ သာမန်လယ်သူရင်းငှား မောင်နှမအဖြစ်ဇာတ်မြှုပ်ပြီးနေခဲ့ကြရတယ်။

ရေရှည်မှာ ဒီလိုနေလို့ဖြင့် မဖြစ်ချေသေးဘူးလို့ သဘောပိုက်မိတဲ့ ကိုးမြို့ရှင် ကိုယ်တော်ကြီးက နှမတော် ကလေးပုလဲယဉ်ကို သူဌေးကြီးထံမှာ အပ်နှံခဲ့ပြီး ခွန်ချို၊ ခွန်သာတို့ရှိရာ ရှမ်းပြည်ရှမ်းနယ်ဆီကို ရှမ်းလူမျိုးတစ်ဦးလို ရုပ်ဖျက်ထွက်လာခဲ့သတဲ့။

ကျောက်ထပ်ရွာမှာကျန်ရစ်ခဲ့ရှာတဲ့ပုလဲယဉ်ထိပ်ထားကလေးဟာ သူဌေးကြီးရဲ့သားမောင်မောင်လတ်နဲ့ လူငယ်တို့ဘာဝရည်ငံကြပြီးသမီးကလေးတစ်ယောက် မွေးဖွားလာခဲ့တယ်။ မိဘနှစ်ပါးသာမက ဖိုးအေကြီးကပါသည်းသည်းလှုပ်ချစ်ကြလို့ "သဲသဲကလေး" လို့အမည် ပေးထားကြလေရဲ့။

ကိုးမြို့ရှင်ကိုယ်တော်ကြီးနဲ့ ခွန်ချို၊ ခွန်သာတို့ မတွေ့ ဖြစ်ခဲ့ကြဘူး။ ရွှေနန်းတော်ကြီးမှာ နန်းလုပွဲတွေ ဖြစ်နေပြီတဲ့ဆိုတာကို သိကြတဲ့အခါနတ်ရွာစံဘုရင်ကြီးနဲ့ မိဖုရားကြီးတို့အတွက်လည်းကြေကွဲဝမ်းနည်းရ၊ ဘယ်ဆီဘယ်စခန်းကို ရောက်နေမှန်းမသိရတဲ့ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်မွေးစားမိခင်ဖခင်တို့ အတွက်လည်း စိုးရိမ်ပူပန်ကြတဲ့အတွက် ရှမ်းပြည်ရှမ်းနယ်ကို လက်အောက်တပ်မင်းတွေကို ခဏအပ်ထားခဲ့ကြပြီး ရွှေမြို့တော်ဆီ အသော့ နှင်ပြန်လာခဲ့ကြတယ်။ အခြေအနေဟန်မကျရင် မင်းကျော်စွာစီးနင်းသိမ်းပိုက်ထားတဲ့ မြို့တော်ကို ဝိုင်းပိတ် လုပ်ကြံကြဖို့ အတွက်လည်း သူတို့ရဲ့တပ်မှူး၊ စစ်ကဲတွေ နဲ့ စည်းဝါးရိုက်ခဲ့ပြီးသားတဲ့။

နို့ပေတဲ့ တကယ်တမ်း သူတို့ကြုံလာရပုံက ထင်ထားသလိုမဟုတ်ပြန်ဘူး။ ဦးမင်းကျော်က လူပါး၊ သူ့အခါပေး တပည့်ကျော်ညိုကလည်း သူ့ရာထူးမပျောက်ဖို့ သူ့ဆရာဦးမင်းကျော်ရဲ့ အာဏာတည်မြဲနေမှ ဖြစ်မယ်ဆိုတာကိုလည်း သူကအမြဲနှလုံးပိုက်ထားတဲ့သူ။ အဲဒီတော့ ခွန်ချို၊ ခွန်သာတို့အပြန်လမ်းမှာ ရွှေမြို့တော်ကြီးဆီ မရောက်ခင် လမ်းခွတ်လပ်က ဆီးကြိုလာတဲ့ ဦးမင်းကျော်က ဝတ်ဖြူစင်ကြယ်ဝတ်လူသူတော် တစ်ဦးဖြစ်နေပြန်သတဲ့. . . ကဲ။

"တူတော်မောင်တို့၊ နတ်ရွာစံ ဘုရင်ကြီးနဲ့ အယူအဆ ကွဲလွဲတဲ့အတွက် မလွှဲမအရှောင်သာထီးနန်းကို လုပ်ကြံလိုက်ရပေမဲ့ ဦးရီးတော်က အသက်အရွယ်အိုမင်းလှပါပြီ။ လောကီစည်းစိမ်တွေကို ခံစားရမယ့် အရွယ်လည်း မဟုတ်တော့ပါဘူးကွယ်။ ကဲ . . .အခု တူတောင်မောင်များလည်း ပြန်ရောက်လာကြပြီဆိုတော့ ထီးမွေနန်းမွေကို ငါ့တူတော်မောင်များကပဲ ဆက်ခံကြပေတော့။ ဦးရီးတော်တော့ ဥပုသ်ဆောင်ဝင်ပြီးတရားအားထုတ်တော့မကွဲ့"

ကိုင်း...ဘယ့်နယ်လုပ်ကြမတုန်း။ ဖြစ်ပြီးပျက်ပြီးသားတွေကလည်း ပြီးသွားခဲ့ကြပြီ။ဘယ်လိုမှ မပြုပြင်

နိုင်တော့ ဘူး။ကိုးမြို့ရှင်နဲ့ပုလဲယဉ်ကို လည်း သတင်းအစအန စုံစမ်းလို့မရသေးဘူး။ အဲဒီတော့ အခြေအနေအရ ထီးနန်းကို လက်ခံလိုက်ခြင်း သည်သာ အကောင်းဆုံးလို့ ခွန်ချို၊ ခွန်သာတို့ ဆုံးဖြတ် လိုက်ကြတယ်။ ငြင်းဆန်ခဲ့ပြန်ရင်လည်း သူတို့ရဲ့ အသက်ကို ရန်ရှာခဲ့ရင်ဒုက္ခ။

အဲသလို ဥပါယ်တံမျဉ်နဲ့ဦးမင်းကျော်က ခွန်ချို၊ ခွန်သာတို့ကို ထီးနန်းလွှဲလေဟန် စနစ်တကျ လုပ်ပြခဲ့တယ်။ သူကတော့ နန်းဦးဇေတဝန်ဆောင်မှာ ဥပုသ်ဝင်ချင်ယောင်ဆောင်နေခဲ့လေရဲ့။ သူ့ရဲ့ကျွန်ယုံ ရွှေပြည်ဝန် ဦးညိုတစ်ယောက်ပဲ ဝင်ခွင့်ထွက်ခွင့် ပြုထားသတဲ့။ အမှန်ကတော့ သူကြိုက်တတ်လွန်တဲ့ ယမကာနဲ့ စားမြိန်စာတွေကို ခိုးသွင်းပြီး သောက်ကြ၊ စားကြ၊ မူးယစ်ပျော်ပါး နေကြတာတဲ့လေ။

နန်းတက်ပွဲနေ့ မှူးမတ်ဗိုလ်ပါအစုံအညီရဲ့ ရှေ့မှောက်မှာ ဦးမင်းကျော်က ဘုရင်သစ်ကလေးခွန်ချိုနဲ့ အိမ်ရှေ့မင်းခွန်သာတို့ကို သစ္စာပေးပြီး သစ္စာရေ သောက်ခိုင်းသတဲ့။ "ဦးမင်းကျော်အပေါ် အမြဲထာဝရ သစ္စာခံပါ့မယ်၊ ဦးမင်း ကျော်ရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် ဥစ္စာကိုမထိပါး၊ မကျူးလွန်းပါဘူး" စသဖြင့် ပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ မလွန်ဆန်နိုင်ဘဲ မျက်စိ မှိတ်ပြီး သောက်ကြရတာပေါ့။ ပြီးပြန်တော့ ဒီလိုပြော ပြန်သတဲ့။



"တူတော်မောင်တို့။ တိုင်းပြည်ကို အုပ်ချုပ်ရတဲ့ ဘုရင်တစ်ပါးအတွက် ရန်ကြွင်းရန်စဆိုတာ မရှိ စကောင်းဘူး။အဲဒီတော့ အရင်အိမ်ရှေ့မင်းသားကိုးမြို့ ရှင်နဲ့ မင်းသမီးပုလဲယဉ်တို့ကို မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ရှင်းလင်းပစ်မှသာ နောက်ကြောင်းရန်အေး ပေလိမ့်မယ်။ မင်းမိန့်အာဏာကို သုံးပြီး မြေလှန်ရှာဖွေ လို့ ကျူပင်ခုတ် ကျူငုတ်ပါမကျန်အောင်ရှင်းလင်းကြ မှ ကောင်းမကွဲ့" တဲ့။

တဆက်တည်းပဲ ကိုးမြို့ရှင်ကိုယ်တော်ကြီးရဲ့ ဦးခေါင်းကိုဖြတ်ပြီး ရွှေနန်တော်အဝင်တံခါးမှာ မြှုပ်နှံ စတွေ့ရမယ်လို့လည်းစေခိုင်း ပြန်သေးသတဲ့။ ခွန်ချို၊ ခွန်သာတို့ဟာ ဘုရင်နဲ့ အိမ်ရှေ့မင်းဆိုသော်လည်းပဲ ဦးမင်းကျော်ရဲ့ သြဇာအာဏာကသာ ခပ်ထက်ထက် မို့ သူခိုင်းတဲ့အတိုင်းပဲ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်မင်းသမီး ကလေးကို တပ်တောင်တာဗိုလ်ထုနဲ့ တောနင်းရှာဖွေ ရတော့တာပေါ့။ ကိုင်း . . . တောသူ တောင်သားဘဝနဲ့ ရှမ်းပြည်နယ်တစ်နေရာမှာ ဇာတ်မြှုပ်နေရှာတဲ့ ကိုးမြို့ ရှင်ကိုတွေ့ကြပါရောတဲ့။ငယ်စဉ်တောင်ကျေးကလေး ဘဝကတည်းက မွေးကျေးသုတ်သင် ပြုစုခဲ့တဲ့ ကျေးဇူးရှင်ကြီးကို ဘယ်သတ်ရက်ပမလဲ။ မျက်ရည် စက်လက်နဲ့ ငိုကြွေးပြီး ဖြစ်ကြောင်းရယ် ကုန်စင်ပြော ပြကြတာပေါ့။

"ကဲ . . . ကဲ သားတော်တို့။ သားတော်တို့ဟာ တိုင်း ပြည်ကို အုပ်ချုပ်ရတဲ့ဘုရင်ရင့်မာကြီးတွေ ဖြစ် နေကြပြီ။ သူငယ်ကလေးတွေလို ငိုကြွေးနေလို့ဖြင့် မသင့်ပေဘူး။ ပြီးတော့ မင်းမှာ သစ္စာလူမှာကတိတဲ့။ ပြုဖူးတဲ့သစ္စာဟာ တည်မှသာ တန်ဖိုးရှိတယ်။ သား တော်တို့ကိုလည်း အပြစ်ကြီးငယ် မရောက်ရလေ အောင်ဟာခမည်းတော်စီစဉ်ပေးမယ်"

ခွန်ချို၊ ခွန်သာတို့တားချိန်တောင်မရလိုက်ဘူး... တဲ့။ "နောင်ဖြစ်လာရာဘဝတိုင်းမှာ သစ္စာမရှိ ကိုယ် ကျင့်မတည်တဲ့ မင်းကျော်စွာရဲ့ဘေးရန်ကို ကာကွယ် စောင့်ရှောက်ပေးနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏။ မြို့ ရွာ၊ နယ်ပယ်၊ ဒေသလူထုအများကို အေးချမ်းလုံခြုံ အောင်ဆောင်ရွက်နိုင်ပြီး အကိုးကွယ်ခံဘဝမှာ ဖြစ်ရ ပါလို၏" လို့သစ္စာအဓိဋ္ဌာန်ပြုပြီးကိုးမြို့ရှင်က သူ့ခေါင်း ကို သူဖြတ်လိုက်တယ်။ စိတ်၊ မာန်ပြင်းလွန်းတဲ့ အတွက် သေပြီးပြီး ချင်းပဲ ကိုယ်ထင်ပြနိုင်၊ လှုပ်ရှား ပြောဆိုနိုင်တဲ့ ဝေမာနိကဘုံသားအစိမ်သရဲဘဝမှာ ဖြစ်သွားလေရဲ့။ အဲဒါကိုပဲလူ တွေက "နတ်"အဖြစ် ကိုးကွယ်ကြတယ်ကိုး။ အမှန်တော့ လောကီနယ်က နတ်ဆိုတာမျိုးဟာသိကြား၊ ဗြဟ္မာ၊ မာတလိ၊ ဝိသကြံ့ တို့လို သမ္မာဒေဝနတ်ကောင်း နတ်မြတ်တွေမဟုတ် ကြဘူး။ လူ့ဘုံလူ့ဘဝကို စွဲပြီး ဖြစ်တဲ့ ဝေမာနိကသရဲ တစ္ဆေတွေကို လူအများက ကြောက်လန့်ပြီး ပသကိုး ကွယ်ကြတာမျိုးသာလျှင် ဖြစ်တယ်။

အခုလည်း ကိုးမြို့ရှင်ဘဝတစ်ဖြစ်လဲ အစိမ်းသရဲ ကို ချစ်ခင်ကြည်ညိုစိတ်နဲ့ နတ်အဖြစ်ကိုးကွယ်ကြ သတဲ့။

ခွန်ချို၊ ခွန်သာတို့ဟာကိုးမြို့ရှင်ရဲ့ ဦးခေါင်းပြတ် ကြီးကိုရွှေခြင်းတောင်းမှာ ထည့်ပြီး ပြန်လာခဲ့ကြလေ ရဲ့။ အဲဒီသတင်းကို ပခန်းမင်းကြီးဦးမင်းကျော်ကြားတဲ့ အခါ ဝမ်းသာအားရရှိလွန်းလို့တဲ့။ ခွန်ချို၊ ခွန်သာတို့ကို ငွေးချိုတောင်၊ စကားဝါပင်ရိပ်သာစခန်းမှာ စံတဲနန်း တွေ ဆောက်ပြီး ထွက်ကြိုဆိုသတဲ့။ အိုးစည်ဗုံမောင်း စောင်းညှင်းပတ်သာတွေ တခြိမ့်ခြိမ့်နဲ့ပေါ့။ သောက် ကြ စားကြ ပျော်ကြပါးကြနဲ့တဲ့လေ။

ကိုးမြို့ရှင်ရဲ့ ဦးခေါင်းပြတ်ကြီးကို ဆက်သပြီးတဲ့ အခါ မင်းကျော်စွာက စကားဝါပင်စခန်းမှာပဲ အောင် ပွဲသဘင်ကြီး ကျင်းပတယ်။ ခွန်ချို၊ ခွန်သာတို့သောက် မဲ့ယမကာထဲမှာအဆိပ်ခတ်ပြီးလုပ်ကြံလိုက်ပါသတဲ့။ နတ်စိမ်းသရဲ ဖြစ်သွားရရှာတဲ့ခွန်ချို၊ ခွန်သာတို့ဟာ ဘယ်ကျေနပ်နိုင် ကြပါ့မတုန်း။ သူတို့ရဲ့ ကျေးဇူးရှင် တွေကိုလည်းလုပ်ကြံသတ်ဖြတ်ပြီး နန်းလုခဲ့တယ်။ သူတို့ညီအစ်ကိုကိုလည်း ဥပါယ်တံမျဉ်နဲ့သတ်ခဲ့ပြန် တယ်။ဒီလောက်သစ္စာတရား၊ အကြင်နာတရားမဲ့တဲ့ လူမျိုးဟာ လူပြည်နဲ့မတန်ဘူး။ ဦးမင်းကျော်စံနေတဲ့ တဲနန်းနဲ့အနီးဆုံးစကားဝါပင်ကြီး တွေကို နတ်တို့ရဲ့ ဣဒ္ဓိပါတ်တန်ခိုးနဲ့ တွန်းလှဲပစ်လိုက်ကြတာနှစ်ပေါင်း ရာချီသက်တမ်းရှိနေတဲ့ စကားဝါပင်ကြီးတွေဟာဖြင့် အမြစ်ကပါ ကျွတ်လန်ပြီး အတုံးအရုံးပြိုလဲ ကုန်ကြ ပါလေရော။ စံကားဝါပင်ပိုလို့ ဦးမင်းကျော်နဲ့ သူ့ကျွန် ယုံတော်ညီတို့နှစ်ယောက်စလုံးသေကြ၊အစိမ်းသရဲ နတ်ဖြစ်ကြပြန်သတဲ့။

မောင်တော်ကြီးကိုးမြို့ရှင်နတ်ဟာ သူ့ညီမတော် ပုလဲယဉ်မင်းသမီးကလေး တစ်ယောက်ဘယ်လိုများ ရှိ နေရှာပါလိမ့်မလဲလို့ ကြည့်လိုက်တဲ့အခါ "အစ်ကို့ တစ်သက်၊ နှမတစ်သက်အိမ်ထောင်ဖက် မရှာစတမ်း၊ လူပျို၊ အပျိုဘဝနဲ့ပဲနေကြစို့" လို့ ကတိထားခဲ့ဖူးတဲ့ ပုလဲယဉ်မင်းသမီး ကလေးပါရနေတာကို မြင်သတဲ့။ သူ့ညီမကလေး ကို ချစ်ရှာလွန်းလို့လူ့ဘဝ၊ နတ်ဘဝ ဘဝခြားပြီး မနေနိုင်တာကြောင့် ပလဲယဉ်ကိုလိပ်ပြာ နှုတ်ခေါ်ယူလိုက်ပြန်တဲ့ အတွက် နတ်ဖြစ်ပြန်သတဲ့။

နတ်ဖြစ်သွားတဲ့ ပုလဲယဉ်က သမီးကလေး " သဲသဲ"ကို မခွဲနိုင်မခွာရက်။ လူမမယ်ကလေးငယ်ကို ဒီအတိုင်း တိုင်မထားရစ်ခဲ့နိုင်တာကြောင့်ကလေးရဲ့ ပန်းပုခက်က လေးထဲကို ကြောင်ယောင်ဆောင်ပြီး ခုန်ချသတဲ့။ သဲသဲ ကလေးဟာ လန့်ပြီးသေလို့ နတ်သူငယ် ဖြစ်သွားလေရဲ့။ ဇနီးနဲ့ သမီးကလေး



နှစ်ယောက်စလုံး ဗြုန်းကနဲ သေလွန်ကုန်တာကို မြင်ရတဲ့ မောင်မောင်လတ်ခမျာလည်း နလုံးကွဲသေပြီး နတ်ဖြစ်ရပြန်ရောတဲ့။

နတ်ဘဝရောက်ကြတဲ့အခါနတ်ဖြစ်နေတဲ့ခမည်းတော်ကြီးမင်းစည်သူက လူဘမှာ ကိုးမြို့ ကိုးတံခါး၊ ကိုးဖလားနဲ့ ကိုမားပိုင်တဲ့ ကိုးမြို့ရှင်နတ်ကို သူဆုတောင်းထားတဲ့ အတိုင်းမြို့နေရွာနေ ပြည်သူလူထုအများကိုဘေးအန္တရာယ်မကပ်ရောက်ရလေအောင် ကာကွယ်စောင့် ရှောင့်စေလို့တာဝန်ပေးတယ်။ ပုလဲယဉ်နတ်၊ မောင်လတ်နတ်နဲ့ မသဲကလေးနတ်တို့က အိမ်ဝိုင်းဝင်းခြံတွေကို စောင့်ကြပ်စေ၊ ခွန်ချို၊ ခွန်သာတို့ကတော့ ကိုးမြို့ ရှင်နတ်ကို ကူညီပြီး ရှမ်းကိုးမြို့ ကရင်ကိုးမြို့ ကယားကိုးမြို့တို့ကို အပိုင်စားကာ ရှင်လူအများကို စောင့်ရှောက်စေ မြို့အဝင်ရွာအဝင်မြို့ဦးရွာဦးမှာ နတ်ကွန်းနတ်နန်းများ ဆောင်လုပ်လို့လူအများရဲ့ ပူဇော်ပသမှုကိုခံယူကြစေလို့ ခွင့်ပြုခဲ့တယ်။

သစ္စာမရှိ၊ ကတိမတည်ကြည် အရက်သေစာသောက်စားပျော်ပါး မြူးတူးရင်းအမှားတွေကို ဆက်တိုက်ကျူးလွန်ခဲ့တဲ့ မင်းကျော်စွာလို့ ခေါ်တဲ့ပခန်းဦးမင်းကျော် နတ်ကိုတော့ လူဘဝကအတိုင်း ပခန်းနယ်တစ်နယ်တည်းကိုပဲ အပိုင်းစားစေ၊ မြို့ပြပြည်ရွာလူနေလူထိုင်စည်ကားတဲ့ အရပ်များမှာ နန်းကွန်းနတ်နန်းထိုး၍နေခွင့်မရှိစေရ၊ အရက်သမား၊ ကြက်သမား၊ လောဘဇောရမက်ကြီးတဲ့ လူပေါ့လူသွမ်းတို့နဲ့သာ ဆက်ဆံပေါင်းသင်းစေလို့အမိန့်ချခဲ့တယ်။

အဲဒါကြောင့် ဒီကနေ့ တို့များတောကျေးလက်တွေရဲ့မြို့ဦးရွာထိပ်တွေမှာ ကိုးမြို့ရှင်၊ ခွန်ချို၊ ခွန်သာနဲ့ ပုလဲယဉ် တို့မိသားစုများ စံတဲ့နတ်ကွန် နတ်နန်းတွေကို တွေ့ကြရတာပေါ့။ မြို့ပြပြည်ရွာကို လုံးခြုံအေးချမ်းအောင်စောင့်ရှောက်ပေးပေတယ်ရယ်လို့မြတ်နိုးတနာကိုးကွယ်ပသကြတယ်။

အဲ . . ကိုကြီးကျော်ဆိုတဲ့ ဦးမင်းကျော်ကြီးကတော့ ကြက်သမား၊ အရက်သမား၊ စီးပွားရေးသမားတွေကြားမှာသာ နတ်ဒိုးသံတဂျိန်းဂျိန်းနဲ့ မူးကောင်းတုန်း ပျော်ကောင်းတုန်း၊ ဘယ်မြို့ဘယ်ရွာမှာမှ သူ့အတွက် နတ်ကွန်းနတ်နန်းလည်းမထားဘူး။ နတ်ဖြစ်ရပေတဲ့ကလေကချေအလေ နတော သိက္ခာမရှိတဲ့နတ်ကြီးအဖြစ်နေရရှာသတဲ့။

သစ္စာတရားနဲ့ ကိုယ်ကျင့်သိက္ခာဟာ လူဘဝတစ်သက်တာသာမက သံသရာဘဝအဆက်ဆက်အထိ ကောင်းကျိုးဆိုးမွေကို ဖန်တီးစီရင်နိုင်ပေသကိုးလို့ နလုံးမြဲကြဖို့အဓိကပါပဲ။

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ

ယုန်ကြီးကလူလုနဲ့ခြင်္သေ့ဘုရင်

လင်းငြိမ်သူ



တစ်ခါတုန်းကတောနက်ကြီးနစ်ခုကို အုပ်ချုပ်နေတဲ့ ခြင်္သေ့မင်းကြီးတစ်ကောင်းရှိတယ်။ ခြင်္သေ့ဘုရင်ကြီးက တစ်ရက်မှာတော့ အသက်ကြီးတဲ့အကောင်တွေက အလုပ်လဲမလုပ်နိုင်သလို အကောင်ငယ်တွေစားမယ့်အစာတွေကို ဝင်စားနေတယ်လို့ ခြင်္သေ့ကြီးက ထင်လို့ပေါ့။ ဒါနဲ့ ခြင်္သေ့ကြီးက ရှိသမျှအကောင်ကြီးတွေကို သတ်လိုက်တာ နောက်ဆုံးသစ်ခေါင်းတစ်ခုထဲမှာနေတဲ့ ယုန်ကြီးကာလူလူပဲ ကျန်တော့တယ်။

တစ်ရက်မှာတော့ ခြင်္သေ့ကြီးဟာ မောပန်းလွန်းလို့ အိပ်နေတဲ့အချိန်မှာ ပါးစပ်ကြီးဖွင့်ရက် အိပ်မိသတဲ့။ အဲဒီအချိန်မှာပဲ မောပန်းနေတဲ့ မြွေတစ်ကလည်းခြင်္သေ့ကြီးရဲ့ ပါးစပ်ကြီးကို တွင်းအောက်မေ့ပြီးဝင်သွားသတဲ့။ ခြင်္သေ့ကြီးလည်းနိုးလာပြီး မြွေကို သူဖို့က်ထဲက ထွက်ဖို့ ပြောသတဲ့။ မြွေကလည်း မထွက်တဲ့အပြင် ခြင်္သေ့ကြီးရဲ့ ဗိုက်ထဲက ကလီစာတွေကိုပါ ကိုက်ဆွဲလိုက်တယ်။ ခြင်္သေ့ကြီးလည်း နာကျဉ်လွန်းလို့ အော်နေရတာပေါ့။ ဒါနဲ့ခြင်္သေ့ကြီးလည်း တစ်ခြားတိရစ္ဆာန်တွေကို ဘယ်လို လုပ်ရမလဲလို့ လိုက်မေးတယ်။ တစ်ခြားတိရစ္ဆာန်တွေကလည်း "ကျွန်တော်တို့က ငယ်လွန်းလို့ မသိဘူးဗျ။ အသက်တဲ့သူတွေဆိုရင်တော့ သိမှာ၊ ဒါပေမယ့် ခြင်္သေ့ကြီးသတ်လိုက်လို့ အသက်ကြီးတာဆိုလို့လည်း တစ်ကောင်မှမကျန်တော့ဘူး" လို့ ပြောကြတယ်။ အဲဒီအချိန်မှာ ယုန်ကြီးကာလူလူရဲ့သားက ကြားသွားပြီး ခြင်္သေ့ကြီးကို သွားပြောတယ်။

"ကျွန်တော့် အဖေယုန်ကြီးကာလူလူတော့ ရှိသေးတယ်ဗျ။ သူတော့နည်းလမ်းသိလိမ့်မယ်ထင်တယ်။ ဒါပေမယ့် သူလာရင် ခြင်္သေ့ကြီးက သတ်မှာဆိုရင် ဘယ်လို လုပ်မလဲ" လို့ မေးတယ်။ ခြင်္သေ့ကြီးကလည်း

" သူသာ ငါခံစားနေရတာကို သက်သာအောင် လုပ်နိုင်ရင် သူ့ကို မသတ်တဲ့အပြင် ငါအုပ်ချုပ်နေတဲ့ တောကြီးကိုပါ တစ်ဝက်ခွဲပေးမယ် " လို့ ကတိပေးလိုက်တယ်။ ခဏကြတော့ ကြွတ်တစ်ကောင်ကိုဆွဲပြီး ယုန်ကြီးကာလူလူ ရောက်လာတယ်။ ကာလူလူက " ခြင်္သေ့ကြီး တကယ်လို့ အသင့်ရောဂါသက်သာသွားရင် ကျန်တဲ့သတ္တဝါတွေကို ချမ်းသာပေးပါမယ်လို့ ကတိပေးနိုင်မလား "လို့ မေးတယ်။ ခြင်္သေ့ကြီးကလည်း

" ငါရောဂါသက်သာရင် သတ္တဝါတွေကို ချမ်းသာပေးရုံတင်မကဘူး သင့်ကိုလည်း တောကြီးတစ်ဝက်ခွဲပေးမယ်" လို့ ကတိပေးလိုက်တယ်။

ဒီအခါယုန်ကြီးကာလူလူက

"ကဲဒါဆို ပါးစပ်ဟလိုက်" ဆိုပြီး ခိုင်းလိုက်တယ်။ ခြင်္သေ့ကြီးလည်း ပါးစပ်ဟရော ယုန်ကြီးကာလူလူက ပါးစပ်ရှေ့မှာ ကြွက်ကိုချထားလိုက်တယ်။ ခြင်္သေ့ဗိုက်ထဲက မြွေကလည်း သူ့အကြိုက်ဆုံးအစာဖြစ်တဲ့ ကြွက်ကိုလည်း တွေ့ရော ဖမ်းစားဖို့ ထွက်လာပါလေရော။ ဒါနဲ့ ခြင်္သေ့ကြီးရဲ့ရောဂါဟာ သက်သာသွားပြီး ခြင်္သေ့ကြီးကလည်း ယုန်ကြီးကာလူလူကိုတောကြီး တစ်ဝက်ခွဲပေးတဲ့အပြင်နောက်ထပ်ဘယ်အသက်ကြီးတဲ့ သတ္တဝါတွေကိုမှ မသတ်တော့ဘူးတဲ့ကွယ်။

အာဖရိကန်ဒဏ္ဍာရီတစ်ပုဒ်ကို ဆီလျော်အောင်ပြန်ဆိုပါတယ်။

လင်းငြိမ်သူ

ထိုက်ထိုက်တန်တန် ဖြတ်ထိုးဉာဏ်

နန္ဒာမိုးကြွယ်



တစ်ခါတုန်းက "ပြည်ကြီးဘယာ"ဆိုတဲ့ တိုင်းနိုင်ငံကြီးကို စိုးစံအုပ်ချုပ်တဲ့ ဘုရင်ကြီးမှာ "စန္ဒမာလာ"ဆိုတဲ့ သမီးတော်တစ်ပါး ရှိပါတယ်။

သမီးတော်လေး စန္ဒမာလာဟာ ငယ်စဉ်ကလေးဘဝကတည်းက လိမ္မာယဉ်ကျေးပြီး သိမ်သိမ်မွေ့မွေ့နေထိုင်ပြောဆိုတတ်တာကြောင့် ခမည်းတော်ဘုရင်ကြီးခမျာ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်လေရဲ့...။ တကယ်တော့ သမီးတော်လေး စန္ဒမာလာကို ခမည်းတော်ဘုရင်ကြီးကသာ ချစ်တာမဟုတ်ပါဘူး။ နန်းတွင်းသူနန်းတွင်းသားတွေကလည်း ချစ်ကြတာပဲ။

သည်လိုနဲ့ ကာလတွေ တရွေ့ရွေ့လွှင့်မျောလာလိုက်တာ သမီးတော်လေးစန္ဒမာလာလေးလည်း အပျိုဖော်ဝင်ပြီး အလှသွေးတွေကြွယ်လာသတဲ့။ သမီးတော်လေး စန္ဒမာလာရဲ့ အလှအပသတင်းဟာ ပြည်ကြီးဘယာနိုင်ငံအတွင်းသာမကဘူး အခြား၊ အခြားအိမ်နီးချင်း တိုင်းနိုင်ငံတွေပါ ပျံ့ နှံ့သွားခဲ့တာမို့ မင်းညီမင်းသားအပေါင်းဟာ စန္ဒမာလာလေးရဲ့ အလှအကို အကဲခတ်ရအောင်ဆိုပြီး လက်ဆောင်ပဏ္ဏာတွေ ယူဆောင်လို့ ပြည်ကြီးဘယာရဲ့ ဘုရင်ကြီးဆီ ဆက်သွင်းကြတယ်။

ပြည်ကြီးဘယာဘုရင်ကြီးဟာ ခေသူမဟုတ်ပါဘူး။ သည်ယုန်မြင်လို့ သည်ချုံထွင်တာပဲဆိုတာကို နားလည်ခဲ့တယ်။ ဒါကြောင့် တိုင်းနိုင်ငံအချင်းချင်း မိတ်ဝတ်ဆွေဝတ်မပျက်ရအောင်ယဉ်ကျေးသိမ်မွေ့လှပတဲ့သမီးတော်လေးကို ရွှမြင်ခွင့်ပေးပါတယ်။ သည်လိုမျိုး သမီးတော်

လေး စန္ဒမာလာရဲ့ အလှအပကို မြင်တွေ့လိုက်ရရင်ပဲ မင်းညီမင်းသားတွေဆိုတာ စန္ဒမာလာလေးနဲ့ ဖူးစာဖက်ချင်တဲ့စိတ်တွေ ထကြွလှုပ်ရှားလာကြတာမို့ မနည်းကို ရာဇကုန်ဆေးဆယ်နေလိုက်ကြရတယ်။

အဲ . . . သူတို့နေတဲ့ တိုင်းပြည်ကို ပြန်ရောက်တယ်ဆိုရင်ပဲ သူတို့ရဲ့ခမည်းတော် မယ်တော်တို့စံမြန်းရာ နန်းဆောင်ထဲဝင်လို့ ပြည်ကြီးဘယာက အလှပိုင်ရှင် စန္ဒမာလာမင်းသမီးလေးနဲ့ စုလျားရစ်ပတ်လက်ထပ်ပေးဖို့ ပူဆာလျှောက်ထားကြပါသတဲ့။ တကယ်တော့ . . . မင်းညီမင်းသားတွေလည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ရမယ့်အချိန် ကျရောက်နေခဲ့ပါပြီ။ ဒါကြောင့်လည်း သားတော်တို့ကို စိတ်မပူဖို့၊ စန္ဒမာလာမင်းသမီးလေးကို သွားရောက်တောင်းယူ ပေးမယ့်အကြောင်း နှစ်သိမ့်စကားပြောကြားခဲ့ပါတယ်။ ပြောခဲ့တဲ့အတိုင်းပဲ ပြည်ကြီးဘယာနိုင်ငံရှိရာကို သံတမန်တွေ စေလွှတ်ကြပါလေရော။

အဲသည်မှာ ဘေးကျပ်နံကျပ်ဖြစ်ရတာကတော့ ပြည်ကြီးဘယာနိုင်ငံရဲ့ပြည့်ရှင်ဘုရင်ကြီးပါပဲ။

"ခက်ပြီ . . . အမတ်တို့၊ အခုမှခက်ပြီ . . . ။ ငါ့ရဲ့သမီးတော်ကို အလိုရှိကြတဲ့ မင်းသားတွေဟာ တစ်ပါးတည်းမဟုတ်တော့ဘဲ ခုနစ်ပြည်ထောင်ကဆိုတော့ မင်းညီမင်းသားက ခုနစ်ပါးတောင်ဖြစ်နေပြီ။ ပြီးတော့လည်း မဟာမိတ်ဖွဲ့ထားတဲ့နိုင်ငံတွေချည်းပဲဆိုတော့ တစ်ဦးတစ်ယောက်ကို လိုက်လျောလိုက်မယ်ဆိုရင် ကျန်ခြောက်ပြည်ထောင်က မင်းညီမင်းသားတွေအနေနဲ့ ကျေနပ်ကြလိမ့်မယ်မဟုတ်ဘူး။ သည်အခါ မမျော်လင့်ဘဲ စစ်မက်ဘေးအန္တရာယ်တွေ မဖြစ်ပွားဘူးလို့ မပြောနိုင်ဘူး။ ဘယ်လိုများ လုပ်ကြရပါ့မလဲ . . . မှူးမတ်တို့"

ဘုရင်ကြီးရဲ့ညည်းတွားသံကြောင့် ညီလာခံမှာရှိနေကြတဲ့ မှူးမတ်ဗိုလ်ပါအပေါင်းလည်း စိတ်ညစ်ညူးသွားကြတော့တယ်။ တိုင်းပြည်တစ်ပြည်နဲ့ တစ်ပြည် စစ်မက်ဖြစ်ပွားရင်တောင်မှ လူအသေအပျောက်က နည်းမှမနည်းတာ။ ခြောက်ပြည်ထောင်ကလာပြီး တိုက်ခိုက်ကြမယ်ဆိုရင် ဘယ်လောက်တောင်မှသေကြေပျက်စီးလိုက်လေမလဲမသိဘူး။ စိတ်ညစ်ညူးမယ်ဆိုရင်လည်း စိတ်ညစ်ညူးစရာပေပဲပေါ့လေ။

"ကဲ . . . ပညာရှိ မှူးမတ်အပေါင်းတို့၊ သည်ပြဿနာကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ"

ဘုရင်ကြီးက စိုးရိမ်တကြီးဖြစ်လေ၊ မှူးမတ်တွေမှာလည်း မျက်ကလဲဆံပျာဖြစ်လေပေါ့။ အချင်းချင်း သူ့ကိုကြည့်လိုက်၊ ကိုယ့်ကိုကြည့်လိုက်၊ ဘယ်သူက ဘယ်လိုများအကြံကောင်း၊ ဉာဏ်ကောင်းတွေများပေးလေမလားပေါ့။ အဲသည်အချိန်မှာ ပညာရှိမှူးမတ်တွေထဲက အငယ်ဆုံးဖြစ်တဲ့ အမတ်ငယ် "မင်းမဟာ"ဟာ . . .

"အရှင်မင်းကြီး . . . သမီးကညာ ရွယ်ရောက်လာ၊ ချိန်ခါအသင့် ဆောင်နှင်းလင့်"ဆိုသလို သမီးတော်လေး စန္ဒမာလာကို မင်းညီမင်းသားတစ်ပါးပါးနဲ့ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသင့်တာဟာ သဘာဝကျပါတယ် ဘုရား . . .။

သို့ရာတွင် . . . အခု ဖြစ်ပေါ်နေတဲ့ပြဿနာဟာ မင်းညီမင်းသား တစ်ပါးမကဖြစ်နေတဲ့ ပြဿနာပါဘုရား။ သည်တော့ . . . ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုသလို၊ မြွေမသေ တုတ်မကျိုးဆိုသလို အများတကာ ကျေနပ်လက်ခံနိုင်ကြရလေအောင် အစီအစဉ်တစ်ခုလုပ်ဆောင်ဖို့ လိုပါတယ်ဘုရား"

သည်စကားကို ကြားလိုက်ရတော့ ဘုရင်ကြီးနဲ့တကွ ညီလာခံထဲမှာရှိကြတဲ့ မှူးမတ်ဗိုလ်ပါအပေါင်းဟာ အတော်လေးကို စိတ်ဝင်စားသွားကြတယ်။ အားလုံးလည်း နားတစွင့်စွင့်နဲ့ပေါ့ . . .။

"အို . . . အမတ်ငယ် မင်းမဟာ၊ သင် လုပ်ဆောင်ချင်တဲ့ အစီအစဉ်ကို တင်ပြပါဦး"

အဲသည်လို ဘုရင်ကြီးက မေးလိုက်တော့ ပညာရှိမင်းမဟာလည်း သူကြံစည်ထားတဲ့ကိစ္စရပ်ကို တင်ပြလိုက်ပါတယ်။ သူ့ရဲ့ တင်ပြချက်ပြီးဆုံးသွားတဲ့အခါ နားဆင်လိုက်ရတဲ့ ဘုရင်ကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါ ပရိသတ်

အပေါင်းဆိုတာ ပျိုချင်အန်ချင်လာကြပြီး အော်ဂလီဆန်လာကြတော့တယ်။ သူ လျှောက်ထားတာလည်း ကြည့်ဦးလေ . . .။

"အရှင်မင်းကြီး . . . ဒီကိစ္စအကြောင်းအရပ်အတွက် မင်းကြီးလည်း သောကမရောက်ရ၊ အားလုံးလည်း ကျေကျေနပ်နပ်ဖြစ်ကြရအောင် ခုနစ်ပြည်ထောင်မင်းညီမင်းသားတွေရဲ့ အရည်အချင်းကို ပြိုင်ပွဲလေးတစ်ခုလုပ်ဖို့ လိုပါတယ်။ ဒီပြိုင်ပွဲမှာ အနိုင်ရမယ့်သူဆိုတာ သမီးတော်စန္ဒမာလာနဲ့ စုလျားရစ်ပတ်ဖို့ အသင့်တော်ဆုံး ဖြစ်မှာပါပဲ။

အရှင်မင်းကြီး . . . ကျွန်တော်မျိုးရဲ့ အစီအစဉ်ကတော့ မင်းညီမင်းသားခုနစ်ပါးကို မျက်နှာစုံညီ ခေါ်ယူတွေ့ ဆုံပြီး အသင်မင်းသားတို့ . . . အသင်မင်းသားတို့ကို အခုကစပြီး တစ်နေ့နဲ့တစ်ည အချိန်ပေးပါမယ်။ အချိန်စေ့သွားတဲ့အခါ အသင်မင်းသားတို့ဟာ သင်တို့စွန့်ထားတဲ့ ကျင်ကြီးကို ဖလားထဲထည့်၊ အဖုံးအုပ်ပြီး ဆက်သွင်းရပါလိမ့်မယ်။

အရှင်မင်းကြီး . . . အဲသလိုမျိုး အမိန့်ချမှတ်ပြီးတဲ့နောက် မင်းသားတွေဆက်သွင်းတဲ့ ဖလားခုနစ်လုံးကို



အများပရိသတ်ရဲ့ရှေ့မှာ တစ်လုံးချင်းဖွင့်ပြီး စစ်ဆေးရပါမယ်။ အဲသည်အခါ အရောင်အဆင်းကလည်းလှ၊ မွှေးရနံ့လည်းရှိတဲ့ မစင်ကိုစွန့်နိုင်တဲ့ မင်းညီမင်းသားကို ကံထူးရှင်အဖြစ် ရွေးချယ်စေလိုပါတယ်။ ကံထူးတဲ့သူသာ သမီးတော်စန္ဒမာလာကို ပိုင်ဆိုင်ခွင့်ရမှာမို့ ကျန်သူတွေ အနေနဲ့ ဘယ်လိုမှ စောဒကမတက်နိုင်တော့ပါဘူး"

မင်းမဟာ အမတ်ငယ်ရဲ့ စီစဉ်မှုဟာ အော်ဂလီဆန်စရာဖြစ်ကောင်းဖြစ်ပေမဲ့ ဘယ်သူကမျှ သည့်ထက်ကောင်းအောင်၊ ပြဿနာပြေလည်အောင် စွမ်းဆောင်နိုင်ဖို့ရာ မရှိတာကြောင့် အမတ်ငယ်မင်းမဟာကိုပဲ အစစအရာရာ စီမံဆောင်ရွက်ပေးဖို့ရာ တာဝန်ပေးလိုက်ပါတော့တယ်။

× × × ×

ခုနစ်ပြည်ထောင် မင်းညီမင်းသားတွေရဲ့ ရှေ့တော်မှောက်မှာတော့ အမတ်ငယ် မင်းမဟာဟာ မင်းညီမင်းသားတို့ကို အစီအစဉ်တွေ ရှင်းပြနေပါတယ်။

"အသင် မင်းသားတို့ . . . အသင်မင်းသားတို့ဆိုတာ မကြာခင်ကာလမှာ ကိုယ့်တိုင်ကိုယ့်ပြည်ရဲ့ ထီးနန်းကို စိုးစံရတော့မယ့် နန်းညွှန့်လျာတွေပါ။ အားလုံးဟာလည်းပဲ သူ့အရည်အချင်းနဲ့သူ ပြည့်စုံကြပြီးသားတွေပါပဲ။ ဒါပေမယ့် ခက်နေတာက အသင်မင်းသားတို့အားလုံးဟာ အကျွန်ုပ်တို့တိုင်းပြည်က သမီးတော်လေးကို ရယူချင်နေတာပါပဲ။ သမီးတော် အရေအတွက်က ခုနစ်ပါးဆိုရင်တော့ အကောင်းသားပေပဲပေါ့။ ခုတော့ . . . သမီးတော်လေးက တစ်ပါးတည်းဆိုတော့ ဝေခွဲဖို့ရာ မမျှတပေဘူး။

သည်တော့ . . . အသင်မင်းသားတို့အနက်က သမီးတော်နဲ့ ထိုက်တန်တဲ့သူကို ရွေးချယ်ရပါလိမ့်မယ်။ ရွေးချယ်မယ့် နည်းလမ်းဆိုတာကတော့ . . ."

လို့ ဆိုပြီး တင်ကြွိစီမံမှုပြုလုပ်ထားတဲ့ အကြောင်းအရာ၊ အချက်အလက်တွေကို ရှင်းလင်းပြောဆိုပါတော့တယ်။

"အသင်မင်းသားတို့ . . . ဒီအစီအစဉ်ကို သဘောကျ ကြပါရဲ့လား"

"သဘောကျပါတယ် . . . အမတ်မင်း"

"ကိုင်း . . . ဒါဖြင့် တစ်နေ့နဲ့ တစ်ည အချိန်ရပါတယ်။ အချိန်ကုန်ဆုံးပြီး နောက်တစ်နေ့ကူးတဲ့အခါကျတော့ ရံရွှေတော်တစ်ဦးကို မစင်ဖလားအုပ်ကိုင်ဆောင်စေပြီး သည်နေရာကိုပဲ ကြွလှမ်းလာခဲ့ကြပါ"

"ကောင်းပါပြီ . . . အမတ်မင်း"

ခုနစ်ပြည်ထောင် မင်းညီမင်းသားအပေါင်းလည်း မင်းမဟာအမတ်ရဲ့ အစီအစဉ်ကို လက်ခံသဘောတူပြီး မိမိတို့ ဧည့်ဂေဟာ စံနန်းတော်ကို ပြန်သွားကြပါတော့တယ်။

× × × ×

ခုနစ်ပြည်ထောင် မင်းညီမင်းသားခုနစ်ပါးထဲက အငယ်ဆုံးဖြစ်တဲ့ "ကုမာရ မင်းသားလေး"ဟာ သူ့ရဲ့ ဧည့်ဂေဟာ စံနန်းဆောင်ကိုပြန်ရောက်တော့ မင်းမဟော် အမတ်ရဲ့အစီအစဉ်ထဲက အချက်အလက်တွေကို အပြန် အလှန် စဉ်းစားသုံးသပ်နေပါတော့တယ်။

"အင်း . . . စွန့်ထားတဲ့မစင်ဟာ အရောင်အဆင်း လည်း လှပရမယ်။ မွှေးရန့်လည်း ရှိရမတဲ့။ ဒါမှ ကံထူးရှင် ဖြစ်ပြီး စန္ဒမာလာကလေးနဲ့ ဖူးစာဖက်ရမှာတဲ့"

ကုမာရမင်းသားလေး စဉ်းစားခန်းဝင်လိုက်တာ အဲသည်နေ့တစ်နေ့လုံး အပြင်ကို မထွက်မိလောက် အောင်ပါပဲ။ သူ့အတွေးထဲမှာတော့ . . .

"မစင်မှန်သမျှဟာ အရောင်အဆင်းလှပတယ်ဆို တာရှိလို့လား။ ဝမ်းတော်လား ပြီးတာနဲ့ အချိန်တွေ တရွေ့ရွေ့ကုန်သွားလေလေ စက်ဆုပ်ဖွယ်အရောင်တွေ ပြောင်းသွားလေလေပဲ မဟုတ်လား"

ပြီးတော့ . . . မွှေးကြိုင်တဲ့ မစင်ရယ်လို့ တစ်ခါမျှရှိ တယ်လို့ မကြားဘူးပေါင်။ အစာအိမ်က လက်မခံတော့ လို့ အပုပ်အသိုး၊ အညစ်အကြေးအဖြစ် စွန့်ထုတ်ပစ်တယ် ဆိုမှတော့ အော်ဂလီဆန်စရာ ရွံ့ စရာ ကောင်းနေပြီပဲ ပေါ့။

ဒါဟာ . . . သွေးရိုးသားရိုး ပညာစမ်းတာတော့ မဖြစ် နိုင်ဘူး။ ဘယ်ရွှေ့ ဘယ်မျှလောက် ပညာရှိသလဲဆိုတာ ကို စမ်းသပ်တာပဲ။ ဒါဆိုရင် . . . ငါသိပ်ပြီး ချစ်မြတ်နိုး တော်မူရတဲ့ နှမတော်စန္ဒမာလာလေးနဲ့ နီးစပ် ငါဘယ်လို ကြံစည်ရမလဲ၊ စဉ်းစားစမ်း . . . စဉ်းစားစမ်း"

ကုမာရမင်းသားလေးဟာ တွေးရင်း၊ တွေးရင်းနဲ့ မှေးခနဲဖြစ်သွားတယ်။ အဲသည်တုန်းမှာပဲ အိပ်မက်လိုလို ဘာလိုလိုနဲ့ အာရုံထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအို တစ်ဦး ပေါ်လာခဲ့တယ်။

"ငှါမြေး . . . ဘာမှ စိတ်သောကမရောက်ပါနဲ့။ ငှါ မြေးနဲ့သမီးတော်လေးစန္ဒမာလာဆိုတာ ရှေးဘဝအဆက် ဆက်ကတည်းက ဖူးစာဖက်တွေပါ။ သည်ဘဝမှာလည်း ငှါမြေးတို့ ပေါင်းဖက်ကြရမှာပါ။ ဘာကြောင့်လည်းဆို တော့ ငှါမြေးရဲ့ ကုသိုလ်ဒါနတွေကြောင့် သီလတရား ကြောင့်ဆိုရင် မမှားပေဘူး။ ဒီတော့ . . . ငှါမြေး အိပ်မက် က နိုးလာတဲ့အခါ ဥယျာဉ်တော်ရှိရာ အရောက်လာခဲ့ပါ။ အဲဒီမှာ အဝတ်ဖြူပတ်ထားတဲ့ အပင်တစ်ပင်ကိုတွေ့ပါ လိမ့်မယ်။ အဲဒီကျရင် ငှါမြေးလုပ်ဆောင်ရမှာတွေက တော့ . . ."

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်အဘိုးအိုက မှာစရာ ရှိတာတွေ စုံစုံစေ့စေ့ မှာကြားပြီးတဲ့နောက်မှာတော့ မီးခိုး ငွေ့လို တဖြည်းဖြည်းနဲ့ မှုန်ဝါးပျောက်ကွယ်သွားလေရဲ့။ ဒီအခါမှာ ကုမာရမင်းသားလေးလည်း ဖျတ်ခနဲ လန့်နိုး လာခဲ့တယ်။

× × × ×

ခွင့်ပြုထားတဲ့ ရက်အတိုင်းအတာစေ့သွားပြီမို့ ခုနစ် ပြည်ထောင်မင်းညီမင်းသားတို့ဟာ ဖလားပိုက်ထားတဲ့ ရံရွှေတော်တစ်ယောက်စီနဲ့ ခန်းမဆောင်ထဲကို လှမ်းဝင် လာခဲ့ကြတယ်။ ခန်းမဆောင် လေးဖက်လေးတန်မှာ တော့ မှူးမတ်ဗိုလ်ပါ ပရိသတ်အပေါင်းဆိုတာ တစ်ခဲနက် ပါပဲ။

"ကိုင်း . . . အသင်မင်းသားတို့ အစစ်ဆေးခံဖို့ရာ တစ်ပါးစီ လှမ်းကြွလာခဲ့ကြပါ"

အမတ်ငယ်မင်းမဟော်ရဲ့ ကြေညာမှုအပြီးမှာတော့ မင်းသားတစ်ပါးစီဟာ စစ်ဆေးမယ့်နေရာကို လှမ်းလာခဲ့ကြပါတယ်။ နေရာကိုရောက်တာနဲ့ ညောင်စောင်းထက်ကို ဖလားတင်ပြီး အဖုံးဖွင့်လိုက်တယ်ဆိုရင်ပဲ အော်ဂလီဆန်စရာ အနံ့ဆိုးတွေဆိုတာ ထောင်းခနဲ ထောင်းခနဲ ထွက်လာလို့ မင်းချင်းတွေ ဆင့်ခေါ်ပြီး အဝေးကို သွားရောက်စွန့်ပစ်ခိုင်းရတော့တယ်။

"အခု နောက်ဆုံးကျန်တာကတော့ ကုမာရမင်းသားလေးပါပဲ"

ကုမာရမင်းသားလည်း အလှည့်ကျရင် မနွဲ့စတမ်းဆိုသလို ရံရွေတော်လှလင်နဲ့အတူ အစစ်ဆေးခံမယ့်နေရာကို လှမ်းလာခဲ့ပါတယ်။ ရောက်တာနဲ့ လှလင်ဟာ ဖလားအဖုံးကို ဖွင့်လိုက်ပါတယ်။

"ဟာ . . . မွှေးလိုက်တာ . . . မွှေးလိုက်တာ"

"ဟုတ်ပါရဲ့ . . . နန်းတော်တစ်ဆောင်လုံးကို ဖုံးသွားတာပဲ။ အနံ့ရတာနဲ့တင် သွားရည် အလိုလိုယိုလာပြီ။ မစင်ဖြစ်နေလို့ပေါ့ကွာ"

"ဟယ် . . . အရောင်အဆင်းကိုလည်း ကြည့်ပါဦး



ဝင်းလို့ ဝါလို့။ မျက်စိပသာဒ ရှိလိုက်တာကွယ်"

ပရိသတ်ရဲ့ ကောက်ချက်ချသံတွေ၊ ချီးမွမ်းသံတွေဟာ နန်းဆောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားပါတော့တယ်။ သည်အချိန်မှာတင် ဘုရင်ကြီးရဲ့ ရှေ့တော်မှောက်မှာ အမတ်ငယ်မင်းမဟာလည်း ခွင့်ပန်လို့ ရပ်လိုက်ပြီး . . .

"ကိုင်း . . . ပရိသတ်အပေါင်း လက်တွေ့မျက်မြင်ပါပဲ။ သည်အရည်အချင်းစစ်ပြိုင်ပွဲမှာ ဘယ်သူ့ကို အနိုင်ပေးသင့်ပါသလဲ"

"ကုမာရမင်းသား . . . ကုမာရမင်းသား"

"ဟုတ်ပါပြီ . . . ဒါဖြင့်ရင် စန္ဒမာလာမင်းသမီးလေးနဲ့ စုလျားရစ်ပတ်လက်ထပ်ဖို့ရာ အသင့်တော်ဆုံးဟာ ဘယ်သူပါလဲ"

"ကုမာရမင်းသား . . . ကုမာရမင်းသား"

တစ်ခဲနက် တုန်ဟီးထွက်ပေါ်လာတဲ့ အသံတွေကြောင့်ပဲ စမ်းသပ်မှုဟာ အောင်မြင်ပြီးမြောက်သွားခဲ့ပါပြီ။ ပရိသတ်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ မင်းညီမင်းသားခြောက်ပါးကလည်း သဘောညီတူကြတာမို့ မကြာမတင် ကာလကလေးမှာပဲ ကုမာရမင်းသားလေးနဲ့ စန္ဒမာလာမင်းသမီးလေးတို့ရဲ့ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြပါတယ်။

အဲသည်မှာ ကုမာရမင်းသားလေး အောင်မြင်မှုရရှိဖို့အတွက် လှူ့ဒုက်ချက်ကလေး တစ်ခုရှိပါတယ်။

ကုမာရမင်းသားလေးရဲ့ဖလားထဲက မစင်ဆိုတာဟာ ဘာကြောင့် မွှေးကြိုင်နေရတာတဲ့လဲ . . ။ ဘာကြောင့် ရွှေဆင်းလို ဝင်းဝင်းဝါဝါ ဖြစ်နေရတာတဲ့လဲ . . ။


မသိရင်တော့ ပြောပြရမှာပေါ့လေ။


အဲဒါတွေက တကယ်တော့ မစင်အစစ်မဟုတ်ပါဘူး။ အုတ်သျှစ်သီး အမှည့်တွေကို ခွဲထည့်ထားတာတွေပါ။

ကိုင်း . . . လောကမှာ ဉာဏ်ရှိတဲ့သူဟာ အားလုံးထက်သာပါသော်ကောကွယ် . . ။

နန္ဒာမိုးကြယ်


အံသေသာသတ်လိုက်ပါ သူငယ်ချင်း






ဟင်.. မင်းလည်းကိုယ်ရောင်ကိုယ်
ငါအရောင်တွေဖွိန်နှံသွား ပါလား ဟင့်
ငါတို့နှစ်ယောက်အတူတူပဲ ဘယ်
လိုဖြစ်တာလဲ။
ပေါ်လစ်ဖြူနှံတင်
ရှင် ရှန်ဒြင်မယ်တင်တယ်
သူငယ်ချင်း
ဘာ..ပေါ်လစ်ဖြူတင်မနေ
နဲ့ မရှန်ဒြင်ဒေဝီဘူး..အသင်
တို့နှတ်နှစ်ပါး၊နှတ်ခန်းကို
စွန့်လို့ ရုတိစိတ်ကျတော့မည်
အသင်တို့သွား ရုမည်
ဘဲဌာနကို..အာရဲဖြူကြည့်
ဆင်ခြင်လော့
အထက်နှတ်တို့.ရဲ့မှာကြား ချက်
အတိုင်း ရက္ခစိုး 'နှတ်သူငယ်ချင်းနှစ်
ယောက်ဟာ သူတို့သွား ရုမယ့်ဘဝ
ကို ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာတော့!


အောင်မလေး သူငယ်ချင်းရဲ့ ငါဒေသရင်ကျီးကန်းဘဝကို ရောက်ရတော့မယ်ဟ၊ မကယ် နိုင်ကြတော့ဘူးလားကွယ်တို့.
ဟိုနှင့်ထက်ငါကပိုဆိုး သဟ ငါဒေသရင်အဂိမသာထဲ က'လောက်'ဖြစ်ရမှာဟဲ့နတ် သိက္ခာကျတယ်၊ မကယ်နိုင် ကြတော့ဘူးလာဗျ အီး၊ ဟီး၊ ဟီး.
ဒါနဲ့သူငယ်ချင်း မင်း က ကျီးကန်းနော်
ဟဲ ဟဲ ဟိုး ဟုတ်တယ်လေ၊ ဘာ ဖြစ်လို့လဲ သူငယ်ချင်း
ဘယ်လိုကတိမျိုး လဲ သူငယ်ချင်း.
ငါ့ရဲက်တယ်သူငယ်ချင်း နတ် ဘဝကနေဒီလောက်နိမ့်ကျတဲ့ ဇာတ်ထဲက'လောက်'ဖြစ်ဖြတော့ မထူးပါဘူးကွာ မင်းနဲ့ငါကတိ ကဝတ်ပြုကြရအောင်လား သူငယ်ချင်း
ငါ့ဘဝဒီလောက်နိမ့်ကျနေ ဖြတော့ငါအဲဒီဘဝမှာမနေချင် ဘူးသူငယ်ချင်း၊ မင်းငါ့ကိုလာ ကြိုပေါက်သတ်လိုက်ပါကွာမင်း ငါ့ကိုခေါ်လိုက်ပါ၊ မင်းအသံကြား တာနဲ့ငါထွက်လာပါ့မယ်၊ ငါ့ ကိုအသေသာသတ်လိုက်ပါ သူငယ်ချင်း


ဒါသူငယ်ချင်းနဲ့ငါ
ကတိပြုထားတာပဲကတိ
အတိုင်း ဒီကောင့်ဆီအာမြန်
သွားလေမှ.ဟဲ့ဟဲ့
ဒီနှစ်ဦးသဘောတူ ကတိမြလို့ ပြောင်
တည်စွာတိုချုပ်ကြေသေသွား.တဲ့
ရာဇဝတ်နှစ်သူငယ်ချင်းယောက်
ဟာ.ခုမိတ်ထင်သည်အတိုင်းပဲ
ကျီးကန်းဘဝနဲ့လောက်ဘဝကို
ရောက်သွားကြပြီး.ကတိကဝတ်
ကိုလဲနှစ်ဦးလုံး သိနေကြတာပေါ့
ကျီးကန်းဟာ မခစင်တွင်း
ဆီရောက်တယ်ဆိုရင်ပဲ
ဒိုက်း ဒိုက်း
သူငယ်ချင်းရေ
တို့ကတိကဝတ်ပြုထား
တဲ့အတိုင်းငါရောက်လာပြီ
ဟော-မင်းထွက်လာခဲ့တော့
ကျီးကန်းရဲ့အသံကိုကြား.တဲ့
လောက်ကဆင်းလေပေါ်ရဲ့
ပြုံးကြည်ပြီး
သူငယ်ချင်းရေ ငါတို့ပြုထား.တဲ့
ကတိကို ငါဖျက်လိုက်ပြီကွ.အခု
ငါဒီဘဝမှာပျော်နေပြီယေ့.ငါ့မှာ
သူငယ်ချင်းတွေ အများကြီးပဲ စား
စရာတွေလည်းအပြည့်ပဲ.ငါ့မှာဘာမှ
လိုသေး.ဓာ်အကုန်ပြည့်စုံနေ
ပြီကွ.မင်းထက်ငါကပိုလို့ပြည့်
စုံနေပြီကွ


သူတို့နှစ်ဦး ပြောသံကို ဆင်ခြင်မိတဲ့ မြတ်ရဟန်း တစ်ပါး ကခြင်းစားသတဲ့
အော်... ကာမဂုဏ်ကိုစွဲလန်း တပ်မက်မှု ဖြစ်ရခြင်း။ ရုရှိတဲ့ ဘဝပေါ်မှာ စွဲလန်း တပ်မက်မှု ဖြစ်ရခြင်း။ အယူမှား ပေါ်မှာ၊ မှား မှန်ပင် မသိလောက်အောင် စွဲလန်း တပ်မက်ခြင်း။ ဆင်ခြင်မှုကင်း မဲ့တဲ့ မသိမှုကို စွဲလန်း တပ်မက်ရခြင်း လောက်ဆိုး တာလောကမှာ မရှိပါတကား၊
ငါသည်ပင် လျှင်၊ သမ္မာသမ္ဗုဒ္ဓသာ၊ သိစရာ မှန် သမျှ တစ်စ မကျန်၊ သယမ္ဘူ ဉာဏ်၊ မြင့် အမြတ် အတိုင်း သိတော်မူသော၊ ဘုရား ဒှင်ကိုယ်တော် မြတ်ကြီး ရဲ့ တရား တော်ကို၊ နာကြား လိုက်ရခြင်း ကြောင့် သာတော်ပေသေး၏၊
ဒီတရား တွေ့ကို၊ မသိရသေး သည့် တစ်သံသရာလုံး မှာ ငါသည်ပင် လျှင်၊ ကျိုး နွဲ့ လောက်တို့ ပြောသော စကား၊ မျိုး ကို၊ အကြိမ်ကြိမ်၊ အဖန်ဖန်၊ အထပ်ထပ် မည်၍ မည်မျှ ပြောခဲ့မိသည်ကို၊ ရေတွက်၍ပင် ရှုနိုင်လိမ့်မည် မထင်၊
ဩ.ကျေး ဇူးကြီး လှသော မြတ် ဗုဒ္ဓဟိ တကား၊
ပြီးပါပြီ။


အရပ်ရှည်ဖို့ အရိုးသန်မာဖို့
Calcivita ကလေးအားဆေး
PUPPEN
SINCE 1911
MEGA
We Care
Calcivita
Supplement
for children
60 softgel capsules
MM Reg: R12004A0222
Calcivita အားဆေးဟာ ကလေးတွေရဲ့အရိုးကို
သန်မာကျစ်လစ်စေပြီး အရပ်လည်းရှည်စေပါတယ်...
MEGA
We care

Nutroplex®





သချိ်ာ ထူးချွန်



အားကစား ထူးချွန်



ပန်းချီ ထူးချွန်



စာပေ ထူးချွန်

မေမေ IRON MAN က ဘာမဆိုလုပ်နိုင်တယ်...

နယူထရိုပလက်(စ်) မှာ ဥာဏ်စွမ်းထက်စေတဲ့ **သံဓာတ်**အပြင် လိုင်စင်းဓာတ်၊ ဗီတာမင်ဓာတ်တွေနဲ့ သတ္တုဓာတ်တွေ ပါဝင်တာကြောင့် ဘက်စုံထူးချွန်သူတစ်ဦး ဖြစ်လာမှာ အမှန်တကယ်ပါ။





UNITED PHARMA
Serving Your Healthcare Needs

သန်စွမ်းထက်မြက် အနာဂတ်အတွက် အကောင်းဆုံး **နယူထရိုပလက်(စ်)**